# မာတိကာ


| | | |
|---|---|---|
| | မြန်မာပြန်သူ၏အမှာ | ၇ |
| | **အခန်း(၁)** | |
| | **ဗုဒ္ဓဘာသာအခြေခံတရားများမိတ်ဆက်** | ၁၃ |
| ၁။ | ဂေါတမဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ | ၁၃ |
| ၂။ | မြတ်ဗုဒ္ဓ၏ လမ်းပြတရား | ၂၅ |
| ၃။ | ဗုဒ္ဓဝါဒဟူသည် အဘယ်နည်း | ၃၀ |
| ၄။ | ဘဝအောင်မြင်ရန် အကျင့်သီလအခြေခံ | ၃၇ |
| ၅။ | ထေရဝါဒ ဗုဒ္ဓဘာသာ | ၄၅ |
| ၆။ | ဗုဒ္ဓဝါဒ၏ အနက်အဓိပ္ပာယ် | ၆၁ |
| ၇။ | ဗုဒ္ဓဘာသာနှင့် ကြောင်းကျိုးတရား | ၆၆ |
| ၈။ | ပညာအရောင် မီးရှူးတန်ဆောင် | ၈၂ |
| ၉။ | သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် | ၉၀ |
| ၁၀။ | ဝိသာခါ (ကဆုန်လ)ပွဲတော် | ၉၆ |





| | | |
|---|---|---|
| | **အခန်း(၂)** | |
| | **သီလဆိုင်ရာတရားများ** | ၁၀၅ |
| ၁၁။ | ဗုဒ္ဓဝါဒနှင့် ပြည်မြန်မာ | ၁၀၅ |
| ၁၂။ | အကျင့်သီလသည်သာ ပဓာန | ၁၁၂ |
| ၁၃။ | ဗုဒ္ဓဝါဒနှင့်အညီ နေထိုင်ရေး | ၁၂၀ |
| ၁၄။ | ပါရမီတရား ဆယ်ပါး | ၁၃၇ |
| | ဆရာတော်၏ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းစဉ် အကျဉ်း | ၁၄၈ |

## ပထမအကြိမ်ထုတ်ဝေခြင်းအတွက်
## မြန်မာပြန်သူ၏အမှာ

၁၉၈၇ခုနှစ် ဧပြီလ ၁၇ ရက်နေ့က ဖြစ်ပါသည်။ နိုင်ငံတော်သြဝါဒစရိယ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သေဋ္ဌိလ ဆရာတော်ဘုရားကြီးက ကျွန်တော် ဖတ်ရှုပွားများနိုင်ရန် **ကိုယ်တော်တိုင် အင်္ဂလိပ်ဘာသာဖြင့် စီရင်ရေးသားပြီး** ကမ္ဘာအရပ်ရပ်တွင် ဟောကြားတော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏တရားတော်များ ပါဝင်သည့် 'ဗုဒ္ဓတရားအဆီအနှစ်များ' (Essential Themes of Buddhist Lectures) ဟူသောစာအုပ်ကို ချီးမြှင့်သဖြင့် ရရှိခဲ့ပါသည်။

ယင်းစာအုပ်ပါ တရားတော်များကို လန်ဒန်မြို့နေ အင်္ဂလိပ် လူမျိုး မစ္စစ်အစ်ဂယ်လ်ဒင်(Mrs. Claudine W. Iggleden) က စုဆောင်းခဲ့ပြီး မိတ်ဆွေဖြစ်သူ မစ္စတာ စတူးဝပ်ရော့စ်(Mr. James P. Stewart Ross) နှင့်အတူ ထိုင်းနိုင်ငံတွင် စာအုပ်အဖြစ် ရိုက်နှိပ် ဖြန့်ဝေ (ဓမ္မဒါနပြု)ခဲ့ပါသည်။

၎င်းဥပါသိကာမသည် အင်္ဂလန်၌ ဆရာတော်ဟောကြားတော်မူသော တရားတော်များကို နာကြားရပြီး သက်ဝင်ယုံကြည်သောကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခံယူခဲ့ပါသည်။ ထိုမျှ မကသေးပါ။ သာမန်ပုဂ္ဂိုလ်တို့ လုပ်နိုင်ခဲသော ဆရာတော် သင်ကြားပို့ချသည့် အဘိဓမ္မာနှင့် ပါဠိသင်တန်းများကို တက်ရောက်ပြီး ထူးချွန်အဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ တစ်ဖန် ဗုဒ္ဓ၏တရားဓမ္မများကိုလည်း ဆက်လက် သင်ယူခဲ့ပါသည်။ ဝိပဿနာကမ္မဋ္ဌာန်းများကိုလည်း ထိုစဉ်မှစ၍ ယခုတိုင်အောင် စီးဖြန်းအားထုတ်လျက် ရှိပါသည်။ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓ၏ တရားတော်များကို တကယ် နှစ်နှစ်ကာကာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် ယုံကြည်ကိုးကွယ်ရုံမျှမက တရားထူး တရားမြတ်ကို တွေ့ရှိသောကြောင့် အများတကာကိုလည်း သူမ နည်းတူ သိရှိစေလိုသောဆန္ဒ ပြင်းပြခဲ့ပါသည်။ ထို့ကြောင့် ဤသို့ မဖြစ်မနေ စာအုပ်ရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်။ သူမ၏ စေတနာကို တန်ဖိုးထား လေးစားထိုက်သည်သာမက ဝမ်းမြောက်နှမော် သာဓုလည်း ခေါ်ထိုက်ပါသည်။ ဤ အောင်မြင်မှုသည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက်လည်း အမှန်ပင် အထောက်အပံ့ ဖြစ်စေသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အားလုံး ဝမ်းမြောက်စွာ ဂုဏ်ယူသင့်လှပါသည်။

ယခုတစ်ဖန် ယင်းစာအုပ် "Essential Themes of Buddhist Lectures" ကို နိုင်ငံတော်သာသနာရေးဦးစီးဌာနမှ ထပ်မံ ရိုက်နှိပ်ပြီး ထုတ်ဝေရောင်းချလျက်ရှိရာ ပြည်သူအများ လွယ်လင့်တကူ ဝယ်ယူဖတ်ရှုပွားများနိုင်ကြပြီ ဖြစ်ပါသည်။

ဤစာအုပ်ပါတရားများကို နှစ်သက်သဘောကျသောကြောင့် ထိုင်းနိုင်ငံ၌ ကျောင်းသုံးစာအုပ်အဖြစ်ပင် သတ်မှတ်ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း ဆရာတော့်ထံမှ ကြားသိရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ရပြန်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာသောအခါ မစ္စစ်အစ်ဂယ်လ်ဒင် ကိုယ်တိုင် ရှာဖွေ စုဆောင်း ရေးသားသော ဆရာတော်၏ ဘဝဖြစ်စဉ် သာသနာပြုမှတ်တမ်းအကျဉ်း၊ ဆရာတော်အပေါ် သူမ၏အမြင်နှင့်အတူ (၁) ဗုဒ္ဓဘာသာအခြေခံတရားများ (မိတ်ဆက်)၊ (၂) သီလဆိုင်ရာ တရားများ၊ (၃) သမာဓိဆိုင်ရာတရားများ၊ (၄) ပညာဆိုင်ရာတရားများနှင့် (၅)

အထွေထွေ(တရားများ) ဟူ၍ အခန်းငါးခန်း ပါရှိပါသည်။

ဆရာတော်သည် ဗုဒ္ဓဘာသာအကြောင်း တစ်လုံးတစ်ပါဒမျှ မသိနားမလည်ကြသေးသော နိုင်ငံခြားသား တရားနာပရိသတ်တို့အား ဟောကြားရာတွင် အခြေခံမှစ၍ အဆင့်ဆင့်တိုးမြှင့်ပြီး နားလည် သဘောပေါက်အောင် စကားပြေများဖြင့် ရှင်းပြထားပါသည်။ ဆရာတော်၏ ချဉ်းကပ်ပုံနှင့် ဟောကြားပုံတို့မှာလည်း လွန်စွာ စိတ်ဝင်စားစရာ ကောင်းပါသည်။ သို့သော် တရားတော်များသည် တစ်နေရာတည်းတွင် တစ်ဆက်တည်း ဟောကြားခဲ့သည်မဟုတ်သောကြောင့် အချို့အပိုင်းများ ထပ်နေသည်ကို တွေ့ရှိကြရပါသည်။ မည်သို့ဖြစ်စေ၊ ဆရာတော် အဓိကထား မီးမောင်းထိုးပြလိုသော ဦးတည်ချက်များ ပီပြင်သောကြောင့် ဖတ်ရှုသူများ သဒ္ဓါပွား၍ မဝနိုင်အောင် ဖြစ်ကြရပါသည်။

ဆရာတော် ဤသို့ တစ်ပါးနိုင်ငံတွင် ပိုင်နိုင်စွာ သာသနာပြုနိုင်ရန် အဆင့်ဆင့်လုံးပန်းခဲ့ရသည့်အစဉ်မှာ လွယ်ကူအဆင်ချောခြင်း လုံးဝမရှိခဲ့ပါ။ အတားအဆီးအမျိုးမျိုးကြားမှပင် ပြည်ပသို့ ထွက်ခွာရခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စ ချို့တဲ့ခြင်း၊ အနေအထိုင် ဆင်းရဲခြင်း၊ သွားလာ ဆက်ဆံရေး မပြေပြစ်ခြင်း စသည့် အခက်အခဲများမှာ အနမတဂ္ဂရှိလှပါသည်။ အင်္ဂလိပ်ဘာသာကို အပတ်တကုတ် သင်ယူခဲ့ပုံတို့မှာလည်း များစွာ အားကျဖွယ်ကောင်းလှပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ (ခေတ်ကာလ)က မြန်မာနှင့် ကမ္ဘာ့အခြေအနေ၊ ထိုစဉ်က လူတို့၏ အမြင်ကျဉ်းမြောင်းမှု အခြေအနေ၊ ကျွန်ဘဝ ပတ်ဝန်းကျင်အခြေအနေများကြားမှပင် ဤသို့ စွန့်စွန့်စားစား ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်၏ ခိုင်မာသော သန္နိဋ္ဌာန်၊ ပြင်းပြသော ရည်ရွယ်ချက်၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့မှာ သူမတူအောင် ထူးခြား ပြောင်မြောက်လှပါသည်။ မူရင်းအင်္ဂလိပ်စာအုပ်ကို ဖတ်ရှုလေ့လာမည် ဆိုပါက ဆရာတော်၏ အင်္ဂလိပ်ဘာသာ



အဆင့်အတန်းကို ကောင်းစွာ အကဲခတ်နိုင်ပါသည်။ ဤသည်တို့မှာ ဤစာအုပ်ပါ ဆရာတော်၏ဘဝဖြစ်စဉ်အကျဉ်းတွင် တစ်စိတ်တစ်ဒေသ တွေ့ရှိကြည်ညို သဒ္ဓါပွားနိုင်ကြပါသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ မည်မျှကြီးမားကြောင်း၊ ဆရာတော်၏ကြိုးပမ်းမှုများ မည်မျှအောင်မြင် အကျိုးသက်ရောက်ကြောင်းကိုလည်း အထင်အရှား တွေ့ကြရပါသည်။ အလွန်ထူးမြတ်သော သာသနာ့ဇာနည် မဟာထေရ် အကျော်အမော် တစ်ပါး ဖြစ်ပါပေသည်။

အမှန်ကို ဝန်ခံပါသည်။ ကျွန်တော်သည် အရွယ်ရောက်သည်မှ ယခု အငြိမ်းစားယူသည့်ကာလတိုင်အောင် နှစ်ပေါင်းသုံးဆယ်ကျော်မျှ နေ့မအား ညမနား နိုင်ငံ့ဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ်က အလုပ်ထဲတွင်သာ နစ်မွန်းနေခဲ့သောကြောင့် လောကုတ္တရာရေးဘက်တွင် အားနည်းခဲ့ပါသည်။ ဤသို့သော အခြေအနေတွင် ဆရာတော်၏တရားတော်များ စာအုပ်ကို ရရှိ၍ ဖတ်ရှုရသောအခါ များစွာ အကျိုးများပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် အခြေခံမှစ၍ သိသင့်သိအပ်သော တရားဓမ္မများကို တစ်စုတစ်ပေါင်းတည်း လေ့လာခွင့်ရသည့်အပြင် သာမန်လူတစ်ယောက်အဖို့ သိလွယ် နားလည်လွယ်သော စကားပြေများဖြင့် ရေးသားဟောကြားတော်မူသောကြောင့် လက်မလွှတ်နိုင်အောင် ဖြစ်ရပါသည်။ ပို၍ပို၍ သိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့ရပါသည်။ ထို့ကြောင့် ဆက်စပ်နေသောတရားများ(စာအုပ်များ)ကို ရှာဖွေလေ့လာမိသည်အထိ ဖြစ်ခဲ့ရပါသည်။

ကျွန်တော့်လိုပင် မသိသေးသူတို့အား သိစေချင်ပါသည်။ အထူးသဖြင့် ယနေ့လူငယ်များ လေ့လာခွင့်ရကြမည်ဆိုပါက များစွာ အကျိုးပြုလိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်မိပါသည်။ စိတ်ပါဝင်စားကြလိမ့်မည်ဟုလည်း

ထင်ပါသည်။ ထို့ကြောင့် မြန်မာဘာသာသို့ မဖြစ်မနေ ကြိုးစားပြီး ပြန်ဆိုရန် ဆန္ဒပြင်းပြခဲ့ပါသည်။

သို့သော် လက်တွေ့ရေးသားသည့်အခါ မျှော်လင့်ထားသည့်အတိုင်း အခက်အခဲများစွာ တွေ့ရပါသည်။ ပါဠိဘာသာ မတတ်ကျွမ်းခြင်း၊ တရားဓမ္မများနှင့် ကင်းကွာခြင်း၊ စာပေအရေးအသား အားနည်းခြင်းတို့ကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့ပါ။ ဆရာတော့်ထံပါး အခါခါ ချဉ်းကပ်ပြီး မေးလျှောက်ရ၊ အခြားဆက်စပ်ရာစာပေများ ရှာဖွေ ဖတ်ရှုရ၊ အင်္ဂလိပ်–မြန်မာ အဘိဓာန်အမျိုးမျိုးကို လက်မလွှတ်ရနှင့် ကြိုးစားပမ်းစား ရေးသားခဲ့ရပါသည်။ နောက်ဆုံးတွင် စာအုပ်ပါ အခန်း(၁) နှင့်(၂)တို့ကို ဘာသာပြန်၍ ဤသို့ စာတစ်အုပ် ဖြစ်လာပါသည်။ ဘာသာပြန်ဆိုရာတွင် မူရင်းအနှစ်သာရများမပျောက်ရအောင် အတတ်နိုင်ဆုံး ကြိုးစားထားပါသည်။ ဖြစ်နိုင်ပါက မြန်မာမှုမပြုဘဲ မူရင်းအတိုင်း ဖော်ပြထားပါသည်။ ခေါင်းစဉ်များကိုမူ စာကိုယ်နှင့်ကိုက်ညီလိုက်ဖက်အောင် အနည်းငယ် ပြောင်းထားပါသည်။ ဆရာတော်၏ ဆိုလိုရင်းများ ပီပြင်ခြင်းမရှိပါက ကျွန်တော်၏ ချွတ်ယွင်းအားနည်းချက်သာဖြစ်ကြောင်း ဝန်ခံပါသည်။

အကယ်၍ ဤစာအုပ်သည် ဖတ်ရှုသူတို့အား အထိုက်အလျောက် အကျိုးပြုသည် ဖြစ်ငြားအံ့၊ ကျွန်တော် ကြိုးစားရေးသားရကျိုးနပ်သည်ဟု ဆိုရမည် ဖြစ်ပါသတည်း။ ။

**သစ္စာရှင်**

**၁၁ .၇ .၁၉၈၇**

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# အပိုင်း ၁
# ဗုဒ္ဓဘာသာအခြေခံတရားများမိတ်ဆက်

## ဂေါတမဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ

ဗုဒ္ဓဆိုတာ ဘယ်သူလဲ။ ဗုဒ္ဓဆိုတာ ဗောဓိဉာဏ်တော်ကို ရပြီးသူ ဖြစ်ပါတယ်။ ဗောဓိကတော့ စံပြုရမယ့် ဉာဏ်အမြော်အမြင်၊ အကျင့်သီလ တွေနဲ့ ပြီးပြည့်စုံတယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဒါကို လူသား တစ်ယောက် အနေနဲ့ ကျင့်ကြံအားထုတ်ယူရင် ရရှိနိုင်ပါတယ်။ ဒါကြောင့် ရှင်တော်ဗုဒ္ဓအနေနဲ့ ဘယ်လို ရယူခဲ့တယ်ဆိုတာ နည်းနည်း ရှင်းပြချင်ပါ တယ်။

ခရစ်မပေါ်မီ ၆၂၃–ခုနှစ်က ခေတ်သစ် နီပေါနိုင်ငံအတွင်း တည်ရှိ တဲ့ ကပိလဝတ်ပြည် (ယခု ဗဒါရီယား Padaria)အနီး လုမ္ဗိနီ ဥယျာဉ်မှာ သိဒ္ဓတ္ထလို့ အမည်ရတဲ့ အိန္ဒိယလူမျိုး မင်းသားတစ်ပါးကို ဖွားမြင်ခဲ့ပါတယ်။ အဲသည်နေရာကို ဖွားမြင်ရာနေရာ အထိမ်းအမှတ် အနေနဲ့၊ နောက် ရှင်တော် မြတ်ကို ကြည်ညိုလေးစားတဲ့အနေနဲ့ အသောကဘုရင်ကြီးဟာ ခရစ်မပေါ်မီ ၂၃၉ ခုနှစ်က ကျောက်တိုင် စိုက်ထူပြီး **‘သမ္မာသမ္ဗုဒ္ဓဉာဏ်တော် ရရှိခဲ့သူ အရှင်သူမြတ် ဤနေရာတွင် ဖွားမြင်သည်’** လို့ ကမ္ပည်းထိုးခဲ့ပါတယ်။

ဂေါတမရဲ့ ခမည်းတော်ဟာ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန မင်းကြီး ဖြစ်ပြီး မင်းသားကို ဖွားမြင်အပြီး ခုနစ်ရက်အကြာ နတ်ရွာစံ သွားခဲ့တဲ့



မယ်တော်ကတော့ မိဖုရားခေါင်ကြီး (မဟာ) မာယာ ဖြစ်ပါတယ်။ နှစ်ပါး စလုံးဟာ စကြမင်းအနွယ်ဝင်များ ဖြစ်ကြပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ အဒေါ်ဖြစ်သူ(မဟာပဇာပတိ)ဂေါတမီရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ သက်သောင့် သက်သာ ပျော်ရွှင်ချမ်းမြေ့စွာ ကြီးပြင်းခဲ့ပါတယ်။ ၁၆ နှစ်အရွယ် ရောက် တဲ့အခါ ဆွေမျိုးတော်စပ်သူ ဒေဝဒဟ ပြည်ဘုရင် သုပ္ပဗုဒ္ဓမင်းရဲ့သမီးတော် ယသော်ဓရာနဲ့ စုလျားရစ်ပတ် လက်ထပ်ခဲ့ကာ သားတော် ရာဟုလာကို ဖွားမြင်ခဲ့ပါတယ်။

သိဒ္ဓတ္ထဟာ ၁၃ နှစ်တာ ကာလပတ်လုံး ဘဝင်ချမ်းမြေ့စရာတွေ နဲ့ အလှအပများကိုသာ တွေ့ မြင်ခဲ့ရပြီး နန်းစည်းစိမ်ချမ်းသာနဲ့ နေခဲ့ရပါ တယ်။ သည်လိုနဲ့ ၂၉–နှစ်အရွယ်ရောက်တဲ့အခါမှာ အမှန်တရားဟာ နေရောင်ခြည်လို ထွက်ပြူလို့ လာခဲ့ပါတယ်။ ‘အင်း . . . ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းနဲ့ သေရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခအပေါင်းကို သတ္တဝါမှန်သမျှ ဘယ် သူမှ ရှောင်ကွင်းလို့ မရဘဲ မလွဲဧကန် တွေ့ကြရမှာပါတကား။ လောကရဲ့ စည်းစိမ်ချမ်းသာ မှန်သမျှဟာလည်း ဒုက္ခရဲ့ အစပါတကား’လို့ သိရှိပြီး တရားသံဝေဂများ ရခဲ့ပါတယ်။ သည် သံသရာဝဋ်ဆင်းရဲအပေါင်းရဲ့ အစနဲ့ ဘဝက လွတ်မြောက်ရာအမှန်ကို ရှာကြံဖို့ အာသာဆန္ဒ လွန်မင်းစွာ ပြင်းပြ ခဲ့ပါတယ်။ ဒါကြောင့် လူ့လောကကြီးကို စွန့်ခွာ၊ ရဟန်းဝတ်နဲ့ မြိုးမြိုးမြစ်စွာနေပြီး တရားဓမ္မများ ရှာပါတော့တယ်။

သည်လို တရားများ လှည့်လည်ရှာဖွေရာမှာ ဦးစွာ အာဠာရနဲ့ ဥဒကဆိုတဲ့ ပုဏ္ဏားဆရာကြီးနှစ်ဦးထံ ချဉ်းကပ်ပါတယ်။ အာဠာရဟာ ရသေ့ကြီး ကပိလရဲ့ နောက်လိုက်ဖြစ်ပြီး ဝေသာလီပြည်မှာ တပည့်တပန်း အများအပြားကို ဦးဆောင်နေသူ ဖြစ်ပါတယ်။

သူဟာ ဝိညာဉ်ရဲ့အရေးပါမှုကို အထူးပြုဟောကြားနေတဲ့ သတ္တကနည်း (ဒဿနဗေဒ)ကို ရှာဖွေတွေ့ရှိသူအဖြစ် ကျော်ကြားပါတယ်။

ဝိညာဉ်တည်ရှိမှုကို မယုံကြည်သမျှ သူ့ရဲ့ ဘာသာတရားကို မကိုင်းညွတ်ဘူး လို့ ခံယူပါတယ်။ ရုပ်ဒြပ်မဟုတ်ပေမယ့် အဆုံးအစ မရှိတဲ့ ဝိညာဉ်ကို မယုံကြည်သမျှ ဘဝက လွတ်မြောက်မှာ မဟုတ်ဘူးလို့လည်း ခံယူသူ ဖြစ်ပါတယ်။

ပမာအားဖြင့် ပိုက်ကွန်တွင်းမိနေတဲ့ တောရိုင်းငှက်ငယ်တစ်ကောင်ဟာ အနှောင်အဖွဲ့က လွတ်မြောက်သွားသလို ဝိညာဉ်ဟာလည်း ရုပ်ခန္ဓာတည်းဟူသော အနှောင်အဖွဲ့က ကင်းကွာသွားတာနဲ့ လွတ်မြောက်တာပဲ။ ဒါကြောင့် သည်ဝိညာဉ်ကြီးဟာ အနှောင်အဖွဲ့က ကင်းလွတ်ရင် စစ်မှန်တဲ့ လွတ်မြောက်ရေးရတာပဲဆိုတဲ့ သွန်သင်ဆုံးမမှုကို အလောင်းတော် ဗောဓိသတ်ဟာ မနှစ်သက် သဘောမကျတဲ့အတွက် အာဠာရကို ဖယ်ခွာပြီး ဥဒကထံ ချဉ်းကပ်ပြန်ပါတယ်။

ဥဒကဟာလည်း အတ္တကောင် ဝိညာဉ်ကိုပဲ အကျယ်ချဲ့ပြီး အသေးစိတ် ပြောကြားပြန်ပါတယ်။ သို့ပေမယ့် ကမ္မ(ကံ)ရဲ့ အကျိုး သက်ရောက်မှုနဲ့ သတ္တဝါများ သေလွန်တဲ့အခါ သည်ဝိညာဉ်ကြီးဟာ ရုပ်ခန္ဓာတစ်ခုက နောက်တစ်ခုကို ပြောင်းလဲဖြစ်တည်မှုသဘောကို အထူးပြု ဟောပြောပါတယ်။

သည်အခါ အလောင်းတော်ဟာ ကံ ကံ၏အကျိုးဆိုတဲ့ သဘောတရားရဲ့ မှန်ကန်မှုကို တွေ့ရှိရပေမယ့် အတ္တကောင်ဝိညာဉ်ရဲ့ ဖြစ်တည်မှုနဲ့ ပြောင်းလဲဖြစ်တည်မှု သဘောတရားကို လက်မခံ၊ မယုံ ကြည်တဲ့အတွက် ဥဒကကိုလည်း စွန့်ခွာခဲ့ပြန်ပါတယ်။ တစ်ဖန် ကျောင်းထိုင်ရဟန်းများထံ ချဉ်းကပ်ပြီး သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်ရာအမှန်ကို ဆက်လက် ရှာဖွေပါတယ်။ သို့ပေမယ့် သည်မှာလည်း မလိုလားအပ်ဘဲနဲ့ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပြီး ယဇ်ပူဇော်တဲ့အမှုတွေကို တွေ့ရတဲ့ အလောင်းတော်ဟာ သူ့ရဲ့နူးညံ့သိမ်မွေ့လှတဲ့ စိတ်နှလုံးကို ကြီးစွာ ထိခိုက်စေ



ခဲ့ပါတယ်။

အလောင်းတော်ဟာ ခုလို အသက်သတ်တဲ့ မကောင်းမှုဟာ အဘယ်နည်းနဲ့မှ ကောင်းကျိုးပြုမှာမဟုတ်သလို ကိုယ်ကျင့်တရားကို ပစ်ပယ်လျစ်လျူရှုခြင်းဟာလည်း ဘာသာတရားကို လက်တွေ့ကျင့်သုံးရာမှာ ဘယ်နည်းနဲ့မှ မအောင်မြင် မဖြစ်မြောက်နိုင်ကြောင်း ရှင်းပြပါတယ်။

ဒါနဲ့ပဲ သိဒ္ဓတ္ထဟာ ဝေသာလီပြည်က ထွက်ခဲ့ပြန်ပါတယ်။ ပိုပြီး ကောင်းတဲ့ နည်းနာတွေကို ခံယူဖို့ အလွန်ကျော်ကြားတဲ့ ဆရာများထံ ဘယ်လိုပဲ ချဉ်းကပ်ပေမယ့် သူလိုချင်တဲ့တရားကို ဘယ်သူကမှ ပေးနိုင်စွမ်း မရှိကြပါဘူး။ ဒဿနိကပညာရှင်လို့ ခေါ်နေကြသူတွေဟာ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ မျက်မမြင်က အကန်းကို ဦးဆောင်နေသလို အမှန်တရားကို တကယ်မသိကြပါဘူး။

နောက်ဆုံးတော့ အလောင်းတော် သိဒ္ဓတ္ထဟာ ကောဏ္ဍည ခေါင်းဆောင်တဲ့ ဥဒကရဲ့တပည့်ငါးဦးရှိရာ ဂယာနားက ဥရုဝေလတောကို ရောက်ရှိသွားပါတယ်။ သည်ငါးဦးဟာ အာရုံများရဲ့တပ်မက်မှု (လောဘ)ကို ချုပ်တည်းပြီး စိတ်ရဲ့အလိုကို မလိုက်ဘဲ ပြင်းထန်စွာ ကျင့်ကြံအားထုတ်နေကြတာကို တွေ့ရှိပါတယ်။

အလောင်းတော်ဟာ သူတို့ရဲ့ စိတ်အားထက်သန်မှုနဲ့ ဖွဲ့ ကြိုးမားမှုကို ချီးကျူးပြီး ကိုယ်တိုင် စမ်းသပ်ပါတယ်။ အဲသည်အချိန်က ဝဋ်ဒုက္ခများမှ လွတ်မြောက်လိုလျှင် ခြိုးခြံစွာနေပြီး တကယ်ပြင်းထန်စွာ ကျင့်မှသာ ရမယ်လို့ ယုံကြည်ကြပါတယ်။ *

သည်လိုနဲ့ အလောင်းတော်ဟာ ခြိုးခြံစွာနေပြီး ပြင်းထန်စွာ

---

* အတ္တကိလမထာနုယောဂအကျင့်သည် ထိုစဉ်က အိန္ဒိယနိုင်ငံတွင် အကျင့်ကောင်းတစ်ခုအနေနှင့် ခေတ်စားပါသည်။ ***(မြန်မာပြန်သူ)***

ကျင့်ကြံအားထုတ်ပါတော့တယ်။ ခြောက်နှစ်တာကာလပတ်လုံး မအိပ် မနေ အဆက်မပြတ် အားထုတ်လိုက်တာ ကိုယ်ခန္ဓာကြီးသာ သစ်ကိုင်းခြောက်လို ရှုံ့တွလို့ လာပါတယ်။ သွေးတွေ ခြောက်ခန်း၊ အသားအရေတွေ တွန့်လိမ်ပြီး အကြောတွေ ထွက်ပြူလို့လာပါတော့တယ်။ ကိုယ်ခန္ဓာကို ပိုပြီးညှဉ်းပန်း လေ လိုရာပန်းတိုင်နဲ့ ဝေးလေဖြစ်လို့ လာပါတယ်။ သည်လို အပင်ပန်းခံပြီး ကျင့်ကြံအားထုတ်ပါလျက်နဲ့ မအောင်မြင်တဲ့အခါ အလွန်အဖိုးတန်တဲ့ သင်ခန်းစာကို ထုတ်ယူရရှိလိုက်ပါတယ်။

သည်လို အဖိုးတန်တဲ့ သင်ခန်းစာကို ရလိုက်တဲ့အတွက် စိတ်အလိုကို လိုက်ခြင်းနဲ့ ကိုယ်ကို ညှဉ်းပန်းခြင်းဆိုတဲ့ အစွန်းတရားများကို ရှောင်ပြီး လွတ်ကင်းတဲ့လမ်းကို လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပထမအစွန်းကတော့ စိတ်ဓာတ်ကြံ့ခိုင်မှုကို ဟန့်တားစေပြီး နောက်အစွန်းကတော့ ပညာ အရည်အသွေးကို အားပျော့စေပါတယ်။ အခု လမ်းအသစ်ကတော့ မဇ္ဈိမပဋိပဒါ (မလျော့လွန်း မတင်းလွန်းသောလမ်း)လို့ ခေါ်တဲ့ အလယ်အလတ်လမ်းပါပဲ။ သည်လမ်းစဉ်ဟာ နောင်အခါ ဗုဒ္ဓ တရားများဟောကြားရာမှာ အဓိကအခန်းက ပါဝင်လာပါတယ်။

ဝိသာခါနက္ခတ်နဲ့ယှဉ်တဲ့ ကဆုန်လပြည့်နေ့ နံနက်ခင်းမှာ ဘယ်ပြင်ပတန်ခိုးရှင်ရဲ့ အကူအညီမှမပါဘဲ မိမိကိုယ်တိုင် ဗောဓိပင်ရင်းမှာ ထိုင်ပြီး တရားကျင့်ပါတယ်။

သည်အခါ အခြားအယူဝါဒများရဲ့ လွဲမှားတဲ့နည်းလမ်းများကို တွေ့ရှိပြီး တရားစစ် တရားမှန်ဖြစ်တဲ့ ဆင်းရဲဒုက္ခအပေါင်းရဲ့အစနဲ့ ချုပ်ငြိမ်းရာ အဆုံးတရားများကို ကောင်းစွာ တွေ့မြင်လာပါတယ်။ မိမိဘဝကို တပ်မက်စွဲလမ်းခြင်း (ဘဝနှစ်သက်မှုတဏှာ)ဟာ ဆင်းရဲအပေါင်းရဲ့ အရင်းခံဆိုတာကိုလည်း တွေ့သိလာပါတယ်။

သည်လို သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်ကင်းရာ အမှန်



ကတော မဂ္ဂင်ရှစ်ပါးတရားသာ ဖြစ်တယ်ဆိုတာကိုလည်း သိမြင်လာ ပါတယ်။ *

သည်လို အမှန်တရားနဲ့ ဘဝမှာ ကျင့်ကြံအားထုတ်ရမယ့် နည်းလမ်းများကို တွေ့ရတဲ့ အလောင်းတော်ဗောဓိသတ်ဟာ စိတ်အလို တပ်မက်မှုများကို ပယ်သတ်ပြီး သဗ္ဗညုတရွှေဉာဏ်တော်ရရှိတဲ့ ဗုဒ္ဓ အဖြစ် ရောက်ရှိပါ

---

* မဂ္ဂင်တရားဟူသည် ကိလေသာတို့ကို ဖျက်ဆီးတတ်၍ ဝဋ်ဆင်းရဲတို့၏ ချုပ်ရာ၊ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သောတရား ဖြစ်ပါသည်။

(၁) သမ္မာဒိဋ္ဌိ = သစ္စာလေးပါးတရားကို ကောင်းစွာ မြင်ခြင်း၊

(၂) သမ္မာသင်္ကပ္ပေါ = ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်မှ ကင်း၍ ကောင်းသောအကြံကို ကြံခြင်း၊

(၃) သမ္မာဝါစာ = ဝစီဒုစရိုက်လေးပါးမှ ကြဉ်၍ ကောင်းသောစကားကို ဆိုခြင်း၊

(၄) သမ္မာကမ္မန္တ= ကာယဒုစရိုက်သုံးပါးမှ ကြဉ်၍ ကောင်းသော အမှုကို ပြုခြင်း၊

(၅) သမ္မာအာဇီဝေါ = ယုတ်မာသော အသက်မွေးဝမ်းကျောင်းဖြစ်သော အဓမ္မိကဝါဏိဇ္ဇ ကုန်သွယ်ခြင်းငါးမျိုးကို ကြဉ်၍ သီလကို နှလုံးသွင်းလျက် ကောင်းစွာ အသက်မွေးခြင်း၊

(၆) သမ္မာဝါယာမော = အကုသိုလ်တရားတို့ကို မဖြစ်စေမူ၍ အပြစ် မရှိသော ကုသိုလ်တရားတို့ကိုဖြစ်အောင် လုံ့လပြုခြင်း၊

(၇) သမ္မာသတိ = မိမိခန္ဓာကိုယ်၌ နီဝရဏစသော တရားတို့ကို အဖန်တလဲလဲ မဖြစ်ရအောင် ကောင်းစွာအောက်မေ့ခြင်း၊ ရှုခြင်း၊

(၈) သမ္မာသမာဓိ = ဝတ္ထုကာမ ကိလေသာကာမတို့မှ ဆိတ်၍ အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို ပယ်ပြီးလျှင် ကုသိုလ်တရား တို့ကို မဖောက်မပြန် အာရုံ၌ တည်ကြည်မြဲမြံစွာ ထားနိုင်ခြင်း၊

*(မြန်မာပြန်သူ)*

တော့တယ်။ *

ဗုဒ္ဓမြတ်စွာဟာ ဗုဒ္ဓအဖြစ် ရောက်တော်မူပြီးတဲ့နောက် ကျန် ဘဝ တစ်လျှောက်လုံး မိမိကိုယ်ကျိုးမပါ၊ လူသားများရဲ့အကျိုးအတွက် မြင့်မြတ်တဲ့ သီလတွေကို ထိန်းသိမ်းပြီး နမူနာကောင်းများကို ပြသ ဆောင်ကျဉ်းခဲ့ပါတယ်။ ရှေးဦးတရားကို ဟောကြားဖို့ နှစ်ပေါင်းများစွာ ကတည်းက ဘာသာတရားကိုင်းရှိုင်းရာ၊ အတွေးအခေါ်ရင့်ကျက်ရာ အထင်ကရ နေရာဒေသ ဖြစ်တဲ့ ဗာရာဏသီပြည်ကို ကြွချီတော်မူခဲ့ပါတယ်။

အဲသည် အသွားလမ်းမှာ အရင်က သိကျွမ်းခဲ့ဖူးတဲ့ ဂျိန်း ဘာသာဝင် ရဟန်းဥပကကို တွေ့ပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ အလွန်ဂုဏ်ကျက်သရေနဲ့ ပြည့်စုံပြီး စိတ်ချမ်းမြေ့ပျော်ရွှင်လာတဲ့ ပုံသဏ္ဌာန်ကို မြင်တွေ့ရတဲ့အခါ ဥပက က ခုလို မေးတယ်။

'အဘယ်မည်သော ဆရာ၏ လမ်းညွှန်မှုဖြင့် အသင်သည် လောကကြီးကို စွန့်ခွာပြီး ရဟန်းပြုခဲ့လေဘိသနည်း'

ထိုအခါ ဗုဒ္ဓက 'ငါ့တွင် ဆရာမရှိ၊ ငါသည် သဗ္ဗညုတဉာဏ်တော်ကိုရသည့် ဘုရားစင်စစ် ဧကန်ဖြစ်ပါ၏။ ငါသည် ငြိမ်းချမ်းခြင်းတည်းဟူသော နိဗ္ဗာန်ကို ရခဲ့ပြီတည်း။ ငါသည် အမှန်တရားကို တွေ့ရှိ အောင်နိုင်ပြီ

---

* အလောင်းတော် သိဒ္ဓတ္ထသည် ညဉ့်ဦးယံ၌ ရှေးဟောင်း နေရာင်းဖြစ်များကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို လည်းကောင်း၊ သန်းခေါင်ယံ၌ လောကကြီးတစ်ခုလုံးကို မျက်ဝါးထင်ထင် သိမ်းကျုံးမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကိုလည်းကောင်း၊ အရဏ်တက်မည့်ဆဲဆဲအချိန်တွင် တစ်ထောင့်ငါးရာ ကိလေသာများ အားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း ရတော်မူလျက် ဘုရားအဖြစ် ရောက်တော်မူလေသည်။

*(မြန်မာပြန်သူ)*



ဖြစ်ရာ ဗာရာဏသီပြည်သို့ ကြွချီပြီး အကုသိုလ်(အပြစ်) နှင့် သေခြင်းတရားများဖြင့် အမိုက်မှောင်ဖုံးနေသော သတ္တဝါတို့အား ဘဝလွတ်မြောက်စေမည့် မီးရှူးတန်ဆောင်ကို ထွန်းညှိအံ့'လို့ ပြောကြားပါတယ်။

အဲသည်အခါ ဥပက က 'အသင့်ကိုယ်အသင် လောကကို အောင်နိုင်သည့် ဂျီးနား(Jina)(ဘုရား)ဟု ဆိုခြင်းလော'လို့ ထပ်ဆင့်မေးတဲ့အခါ ရှင်တော်မြတ်က 'သင်ပြောတဲ့ဘုရားဆိုတာ မိမိကိုယ်နဲ့ မိမိကိုယ်၏တပ်မက်မှု တဏှာများကို ချုပ်တည်းနိုင်တဲ့သူ ဖြစ်ချေ၏။ ငါသည်ကား မိမိကိုယ်ကို ပိုင်စိုးရုံမျှမက ကိလေသာ တဏှာများ ကုန်စင်၍ အပြစ်မှန်သမျှကို ပယ်သတ်နိုင်ပြီမို့ ငါသည်သာ ဘုရားစင်စစ် ဧကန်ဖြစ်ပါ၏'လို့ ပြန်လည် ဖြေကြားလိုက်ပါတယ်။

ရှင်တော်ဗုဒ္ဓဟာ သည်လိုနဲ့ ဗာရာဏသီပြည်ကိုရောက်တဲ့အခါ ကောဏ္ဍညနဲ့ ပုဂ္ဂိုလ်လေးဦးကို သမင်များပျော်စံရာတော၊ ယခု ဆာရာနတ် (Saranath) မှာ သွားတွေ့ပါတယ်။ သူတို့တစ်တွေဟာ ရှင်တော်ဗုဒ္ဓ လာနေတာကို တွေ့ကြတဲ့အခါ ဂေါတမလို့ ခေါ်ပြီး နှုတ်ဆက်ကြပါတယ်။

ဗုဒ္ဓက 'ငါ့အား လူအမည်တပ်၍ မခေါ်ကြကုန်လင့်။ ဗုဒ္ဓ ဘုရားအဖြစ် ရလာသူအား ဤသို့ခေါ်ခြင်းသည် ရိုင်းစိုင်းလှပေစွတကား။ ငါ့အား ရိုသေသမှု ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ငါ၏ စိတ်သန္တာန်၌ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ပါချေ။ သို့သော် သတ္တဝါများအားလုံး အပေါ်တူညီသော ကြင်နာတရားထားသူအား အမည်တပ်၍ ခေါ်ဝေါ်ခြင်းသည် ယဉ်ကျေးမှုကို ပြသရာ မရောက်ပါချေ။ ဗုဒ္ဓတို့မည်သည် လောကကြီးကို ကယ်တင်ရန်(Salvation) လာခြင်းဖြစ်၍ ရိုသေသမှု ပြုသင့်ပေစွတကား' လို့ ပြောကြားလိုက်ပါတယ်။

သည့်နောက် ရှင်တော်မြတ်ဟာ သစ္စာလေးပါးတရားနဲ့ မဂ္ဂင်ရှစ်ပါး တရားများ ပါဝင်တဲ့ ရှေးဦးဓမ္မစကြာတရား (ဓမ္မစက္ကပဝတ္တနသုတ္တန်)

ကို ဟောကြားတော်မူပါတယ်။ *

သည်ပုဂ္ဂိုလ်ငါးဦးဟာ ရဟန်းဝတ်ပြီး (ပဥ္စဝဂ္ဂီငါးပါး)သံဃာ လို့ ခေါ်တဲ့ တပည့်သာဝကများအဖြစ် ဦးဆုံးရောက်ရှိကြသူများ ဖြစ်ကြ ပါတယ်။

ဗုဒ္ဓမြတ်စွာဟာ သက်တမ်းတစ်လျှောက်လုံး လူသားများကို ဘဝ မှန်သို့ ပြောင်းလဲရောက်ရှိပြီး ကျွတ်တမ်းဝင်စေခဲ့ပါတယ်။ မြင့်မြတ်သူရော နိမ့်ကျသူကိုပါ၊ ချမ်းသာသူရော ဆင်းရဲသူကိုပါ၊ ပညာရှိသူရော ပညာမဲ့ သူကိုပါ၊ ပုဏ္ဏားမျိုးရော မျိုးညံ့သူကိုပါ၊ ငြိုးခြိမ်စွာနေပြီး တရားကျင့်သူရော သာမန်လူသားများကိုပါ၊ လူဆိုး သူခိုးရော စရိုက်ကြမ်းသူများကိုပါ၊ မှူးမတ် များကိုရော လယ်သမားများကိုပါ၊ ယောကျ်ားရော မိန်းမများကိုပါမကျန် လူတန်းစားမရွေး အားလုံးကို တရားပြ ချွတ်ခဲ့တာကြောင့် ရဟန်းဘောင်ဝင် ကြသူများရော မဝင်ကြသူများပါ တပည့်သာဝကများ မရေတွက်နိုင်အောင် အများအပြား ပေါ်ပေါက်လာခဲ့ပါတယ်။

၄၅–နှစ်တာ ကာလပတ်လုံး သာသနာပြုခဲ့ပြီးတဲ့နောက် နောက်

---

* သစ္စာလေးပါးဟူသည်ကား . . .

(၁) ဒုက္ခသစ္စာ = ခန္ဓာငါးပါး၏ ခံစားမှုဟူသမျှ ဖြစ်သည်။

(၂) သမုဒယသစ္စာ = ဆင်းရဲဒုက္ခ အပေါင်းကို ဖြစ်စေသော အကြောင်း ဖြစ်သည်။

(၃) နိရောဓသစ္စာ = ဆင်းရဲဒုက္ခအပေါင်းတို့၏ အကြွင်း မရှိပြီးစီး ချုပ်ငြိမ်း ခြင်း ဖြစ်သည်။

(၄) မဂ္ဂသစ္စာ = နိရောဓသစ္စာသို့ ဆိုက်ရောက်ရန်အကြောင်း ကောင်း သော လမ်းမြတ် ဖြစ်သည်။

*(မြန်မာပြန်သူ)*



ဆုံး တရားဟောဖို့ နီပေါနိုင်ငံ အရှေ့ပိုင်းမှာရှိတဲ့ ကုသိနာရုံပြည်က မြို့တစ်မြို့ ကို ခရီးကြွချီပါတယ်။ အဲသည်မှာပဲ သက်တော် ၈၀ မှာ ပရိနိဗ္ဗာန် စံဝင်ခဲ့ပါ တော့တယ်။ တပည့်သာဝကများကို ဗုဒ္ဓနောက်ဆုံး မှာကြားခဲ့တဲ့စကားက တော့ ‘အရာခပ်သိမ်းတို့သည် ပျက်စီးခြင်းတရားနှင့် မကင်းကြပါကုန်။ ကြီးစွာ ဂရုထား၍ ကြိုးကုတ်အားထုတ်ကြပါလေတော့’ဟု ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ လူသားတစ်ယောက်သာ ဖြစ်ပါ တယ်။ လူသားအဖြစ်နဲ့ မွေးဖွားပြီး၊ လူသားအဖြစ် နေထိုင်ခဲ့ပြီး လူသား တစ်ယောက်လိုပဲ ဘဝနိဂုံးချုပ်ခဲ့ပါတယ်။ လူသားမှန်ပေမယ့် သာမန် လူ သားထက် ထူးခြားတဲ့ အံ့ဖွယ်လူသား(အစ္ဆရိယမနုဿ) ဖြစ်ပါတယ်။

ဗုဒ္ဓဟာ ဟိန္ဒူဘာသာဝင်တွေ စွဲမြဲစွာ ယုံကြည်ကြတဲ့ ဗိဿနိုး နတ်ဝင်စားမဟုတ်သလို လူသားများရဲ့ ကယ်တင်ရှင်မဟုတ်ဘူးလို့ အင်္ဂုတ္တရ နိကာယမှာ ဟောကြားခဲ့ပါတယ်။ ဗုဒ္ဓက ‘မိမိတို့ဘဝ လွတ်မြောက်ဖို့ မိမိ တို့ တစ်ဦးချင်းအပေါ်မှာ တည်တယ်။ ဘဝသန့်စင်အောင်ရော ဘဝ ညစ် ညမ်းအောင်ပါ မိမိတို့ကိုယ်တိုင် လုပ်နေကြတာ ဖြစ်တယ်’ လို့ ဟောကြား ခဲ့ပါတယ်။

ဓမ္မပဒမှာ ဘယ်လိုဆိုထားသလဲဆိုရင် ‘ဗုဒ္ဓ(ဘုရား)တို့မည်သည် သွန်သင်ဆုံးမလမ်းပြသည့် ဆရာများသာ ဖြစ်ကြကုန်၏။ အကျိုး သက် ရောက်ရန်မူကား မိမိတို့ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြရာ၏။ အမှန် အတိုင်း သတိတရရှိသောသူသည်သာ အကုသိုလ်အနှောင်အဖွဲ့များမှ လွတ် မြောက်ကြရာ၏။

အကြင်သူသည် တက်လှမ်းချိန် တန်ပါလျက် နိုးကြားထကြွမှု ကင်းဘိမူ၊ ငယ်ရွယ်သန်စွမ်းပါလျက် မှိုင်တွေနေကြဘိမူ၊ စိတ်ဓာတ် အား နည်းကြဘိမူ၊ ပျင်းရိနေကြဘိမူ မည်သည့်နည်းနှင့်မျှ လမ်းမှန်သို့ မရောက် နိုင်ကြကုန်။ လုံ့လကြိုးကုတ် အားထုတ်ခြင်းသည် ထာဝစဉ် မပျောက်ပျက်

သော လမ်းပါတည်း။

ပျင်းရိခြင်းသည် (မေ့လျော့ခြင်းသည်) သေခြင်းအကြောင်း ပါတည်း။ (မမေ့မလျော့) အားထုတ်သူအဖို့ကား သေသည်မမည်။ (မေ့လျော့၍) ပျင်းရိသူသည်သာ သေသည်နှင့် မခြားပါတည်း'လို့ ဆိုပါတယ်။

ဒါကြောင့် မြတ်စွာဘုရားတို့ဟာ လမ်းပြသူများသာ ဖြစ်ကြပါတယ်။ မိမိဘဝ လွတ်မြောက်ဖို့ကတော့ မိမိတို့ကိုယ်တိုင် လျှောက်လှမ်းကြဖို့ပဲ ရှိပါတော့တယ်။ မိမိဘဝ လွတ်မြောက်ဖို့ သူတစ်ဦးကို စောင့်မျှော်အားကိုးခြင်းဟာ အချည်းနှီးပါပဲ။ မိမိတို့ကိုယ်တိုင် ကြိုးစားကြမှပဲ အောင်နိုင်ကြပါလိမ့်မယ်။ ဒါကြောင့် ရှင်တော်ဗုဒ္ဓက မိမိကိုယ်မိမိ အားကိုးကြဖို့ တပည့်သာဝကများကို ပရိနိဗ္ဗာနသုတ်မှာ ခုလို ဟောကြားထားခဲ့ပါတယ်–

'မိမိသည် မိမိအတွက် မီးအိမ်ဖြစ်ပါလေ။ မိမိကိုယ်သည်သာ မိမိခိုလှုံရာ ဖြစ်ပါလေ။ တရားဓမ္မကို မီးအိမ်အဖြစ် မြဲမြံစွာ စွဲကိုင်ပါလေ။ တရားဓမ္မကို ခိုလှုံရာအဖြစ် မြဲမြံစွာ ကိုင်ပါလေ။ မိမိမှတစ်ပါး အခြားသော သူအား ခိုလှုံရာအဖြစ် မဖွေရှာပါလေနှင့်။ အကြင်သူသည် မိမိအတွက် မီးအိမ်အလား၊ မိမိအတွက် ခိုလှုံရာအလား ဖြစ်ကြဘိမူ ဗောဓိဉာဏ်ကို ရှာကြံသောသူများအလား ဘဝ၏ထိပ်ဆုံးသို့ မုချမသွေ ရောက်ကြပေအံ့'ပါတဲ့။

မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ်ကို တစ်ဦးတည်းမူပိုင် လက်ဝါးကြီးအုပ်မထားခဲ့ပါဘူး။ တကယ်ကလည်း အထူးပြုရွေးချယ်ထားတဲ့ပုဂ္ဂိုလ် အတွက် ကန့်သတ်ထားတဲ့ အခွင့်အလမ်းမဟုတ်ပါဘူး။ လူတိုင်း ကျင့်ကြံ အားထုတ်လို့ ရနိုင်တဲ့သဘော ဖြစ်ပါတယ်။ သည်လမ်းကိုလည်း မကွယ် မဝှက် ထုတ်ဖော်ညွှန်ပြခဲ့ပါတယ်။ ဗုဒ္ဓရဲ့ လမ်းညွှန်ချက်အတိုင်းသာ လိုက်နာ ကျင့်ကြံကြရင် ဘယ်သူမဆို ရောက်ရှိ၊ ရရှိကြမှာပဲ ဖြစ်ပါတယ်။ ရှင်တော်မြတ်ဟာ သတ္တဝါများကို စိတ်ဓာတ်မကျစေဘဲ မိမိ ကဲ့သို့ ကျင့်ကြံအားထုတ်ကြဖို့လည်း အားပေးလမ်းပြခဲ့ပါတယ်။



ဗုဒ္ဓမြတ်စွာ တွေ့ရှိသွန်သင်ဆုံးမခဲ့တဲ့ တရားဓမ္မကို အင်္ဂလိပ်ဘာသာနဲ့ Buddhism (ဗုဒ္ဓဝါဒ)လို့ ခေါ်ကြကြောင်းပါ။

* * *

# ဗုဒ္ဓဝါဒ၏အနက်အဓိပ္ပာယ်

ဗုဒ္ဓဘာသာဝင်တို့ဟာ **သီလ**၊ **သမာဓိ**၊ **ပညာ**ဆိုတဲ့ အဆင့်ဆင့်သော အလယ်အလတ်လမ်းစဉ်ကတစ်ဆင့် နိဗ္ဗာန်ကို တက်လှမ်းကြပါတယ်။ ဒီနေရာမှာ ဗုဒ္ဓရဲ့ များပြားလှတဲ့ တရားတော်တွေနဲ့ ညွှန်ပြထားတဲ့ လုပ်ငန်းစဉ်အချို့ကိုတောင် ဖော်ပြနိုင်ဖို့ နေရာမလုံလောက်ပါဘူး။

သို့ပေမယ့် တကယ်သန့်စင်တဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝဟာ အနှစ်သာရတွေနဲ့ ပြည့်နှက်လို့ နေတယ်ဆိုတာကိုတော့ ယုံကြည်ခံယူကြရပါမယ်။ ဘဝသံသရာ (ပုနဗ္ဘဝ)တစ်လျှောက်မှာ မိမိကိုယ်ကို အပြစ် ကင်းစင်အောင်နဲ့ ဉာဏ်ပညာပြည့်ဝအောင် လုပ်ပြီး မေတ္တာတရားများကို မွေးမြူ လောဘတဏှာကို ပြတ်အောင် ကြိုးစားအားထုတ်ကြရပါမယ်။

သည်နည်းအားဖြင့် မကောင်းမှုဆိုတဲ့ ကံ(အလုပ်)ကို လျော့ကျစေပြီး (မကောင်းမှု)မီးတောက်မီးလျှံကိုပါ တဖြည်းဖြည်း ငြိမ်းသတ်စေပါတယ်။

ပညာဉာဏ်ကင်းမဲ့မှု (အဝိဇ္ဇာ)ဟာ လူမှုဒုက္ခအပေါင်းရဲ့ အစရေသောက်မြစ် ဖြစ်ပါတယ်။ သည်ပညာဉာဏ် ကင်းမဲ့မှုကြောင့် လိုချင်တပ်မက်မှု (တဏှာပေမ)ဖြစ်ပေါ်လာပြီး မကောင်းမှုကံ(အလုပ်)ရဲ့ စွမ်းအား



ကို သက်ဝင်လှုပ်ရှားစေပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းလမ်းဟာ အသိပညာရှိမှုအပေါ်မှာ တည်မှီတဲ့အတွက် ဗုဒ္ဓရဲ့ဓမ္မ(တရားတော်) အဆုံးအမ အဝန်းအဝိုင်းကိုပဲ ပြန်ရောက်(အားပြု)ကြရပါတယ်။

ဘာကြောင့်လဲဆိုတော့ သည်ဓမ္မ(တရားတော်)မှာသာ အမှန်တရားတွေ ညွှန်ပြထားပြီး အသိပညာမဲ့မှု၊ လိုချင်တပ်မက်မှုနဲ့ မတည်မြဲမှုများက လွတ်မြောက်စေနိုင်လို့လည်း ဖြစ်ပါတယ်။

ဒါဖြင့် ဗုဒ္ဓဝါဒဆိုတာဘာလဲ။ (ဘယ်လိုအဓိပ္ပာယ်ဆောင်သလဲ)။ အချုပ်အားဖြင့် ဗုဒ္ဓဝါဒဟာ ကိုးကွယ်ရာ ဘာသာတစ်ခုလို့ အတိအကျမဆိုနိုင်ပေမယ့် အကျင့်သီလတွေနဲ့ ပြည့်စုံစေတဲ့ စည်းစနစ်ကျတဲ့ လေ့ကျင့်ခန်းတစ်ရပ်လို့လည်း ဆိုရပါမယ်။ တွေ့ကြုံကြရသမျှထဲမှာတော့ တကယ့်ကို အထူးခြားဆုံးပါပဲ။

လူတို့ရဲ့ ပညာဉာဏ်ကို ပွင့်လင်းစေပါတယ်။ နောက်ဆုံး ထူးကဲတဲ့သူအဖြစ်ရောက်ရှိစေပြီး မိမိနဲ့ မိမိရဲ့အတွေ့အကြုံ၊ ဗဟုသုတတွေတောင်မှ အသုံးမဝင်တော့တာကို တွေ့ကြရပါမယ်။

မြင့်မြတ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီး မိုက်(စ)တာအက်(ခ်)ဟတ် (Meister Eckhart)က 'ဘုရားသခင်ရဲ့ ကောင်းကင်ဘုံသည် သေပြီးသူများ အတွက်မှတစ်ပါး မဟုတ်ပြီ'လို့ မိန့်ဆိုပါတယ်။

ဒါကို ဗုဒ္ဓဘာသာအနေနဲ့ လက်ခံနိုင်ပေမယ့် သူ့ထက် ပျော့ပျောင်းတဲ့ 'မိမိတို့ ရှာဖွေမျှော်မှန်းကြတဲ နိဗ္ဗာန်ဆိုတာ နားမလည်နိုင်လောက်အောင် လွန်ကဲတဲ့ ငြိမ်းချမ်းရေးကို အောင်နိုင်တဲ့သဘော၊ **ရုပ် နာမ်တို့ရဲ့ မတည်မြဲမှု**ကို ကျော်လွန်ပြီး ထာဝစဉ်တည်မြဲတဲ့ငြိမ်းချမ်းရေးကို ရှာဖွေ တွေ့ရှိတဲ့သဘောဟာ နိဗ္ဗာန်ပဲ'လို့ ဆိုရပါလိမ့်မယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပွားများခြင်းနဲ့ သန့်ရှင်းစင်ကြယ်တဲ့ အတွေးအထင်များကို မှန်ကန်စွာ မွေးမြူ

ကျင့်သုံးအားထုတ်ခြင်းဖြင့် အဆင့်ဆင့်တက်လှမ်းပြီး နောက်ဆုံးမှာ ဗုဒ္ဓလိုပဲ ပြီးပြည့်စုံတဲ့အသိဉာဏ် ရရှိကြလိမ့်မယ်။ အရာရာကိုလည်း ကျော်လွန်နိုင်လိမ့်မယ်လို့ စွဲမြဲစွာ ယုံကြည်ကြပါတယ်။

ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရဟန်းများမဟုတ်ကြသလို ကျွမ်းကျင်လိမ္မာတဲ့သူများလည်း မဟုတ်ကြပါဘူး။ ဗုဒ္ဓဝါဒဟာ ကမ္ဘာတစ်လွှားမှာ သွားလာလုပ်ကိုင်နေကြတဲ့ သာမန်လူသားများအတွက် ဘယ်လို အဓိပ္ပာယ်ဆောင်ပါသလဲ။

ဗုဒ္ဓရဲ့အဆုံးအမ အားလုံးလိုမှာပဲ မိမိကိုယ်မိမိ အားကိုးကြဖို့ အလေးအနက်ပြုပြီး ထပ်ခါတလဲလဲ ရှင်းပြလေ့ရှိပါတယ်။ ဗုဒ္ဓဝါဒဟာ မိမိခြေထောက်ပေါ် မိမိရပ်စေပါတယ်။ မိမိရဲ့စွမ်းအားနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုကို နိုးထစေပါတယ်။

ဗုဒ္ဓဟာ တပည့်သာဝကများကို သူတို့ပြုလုပ်ခဲ့တဲ့ အပြစ် (အကုသိုလ်)များက လွတ်မြောက်အောင် ကယ်တင်နိုင်မယ့်သူဟာ သည်လောကမှာပဲဖြစ်ဖြစ်၊ နိဗ္ဗာန်မှာပဲဖြစ်ဖြစ် တစ်ဦးတစ်ယောက်မျှ မရှိဘူးလို့ အဖန်တလဲလဲ ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်များအနေနဲ့ သူတို့ရဲ့ စိတ်သည်သာခဘာဝအတွက်ရော နောင်တမလွန်ဘဝအတွက်ပါ ထိန်းကျောင်းပေးနိုင်မယ့် ဂုဏ်သတ္တိတွေ ရှိပါတယ်။

နောက်ဆုံးမှာ အမှန်တရားကို ရောက်ရှိလိမ့်မယ်လို့ ကောင်းစွာနားလည်သဘောပေါက်ကြပါတယ်။ ဘယ်သူမျှ မယှဉ်နိုင်တဲ့စွမ်းအားများ သူတို့မှာ ရှိကြတယ်ဆိုတာ သူတို့ ကောင်းစွာ သိကြပါတယ်။

ဒါတွင် မကသေးပါဘူး။ ဗုဒ္ဓက လူတို့ရဲ့ နေ့စဉ်ဘဝမှာ စိတ်ရဲ့ အခန်းကဏ္ဍအကြောင်းကို အထူးပြုပြီး တိကျစွာ ထောက်ပြထားပါသေးတယ်။ နိဗ္ဗာန်ဆိုတာ နောက်ဆုံး ငြိမ်းချမ်းရေးပါ။



ကုသိုလ်၊ အကုသိုလ်တို့ကို လွန်မြောက်တဲ့သဘော။ သည်လို အသိဉာဏ်ရစေမယ့်လမ်းဟာ အမှန်က မိမိတို့ရဲ့ အကျင့်သီလပဲ။ ကံတရားတော်အတိုင်း မိမိတို့ ပြုလုပ်ကြတဲ့အပေါ်မှာ တည်ပါတယ်။ မိမိတို့ ပြုလုပ်လိုက်တဲ့(အလုပ်) အကြောင်းတရားဟာ မိမိဘဝအတွက် အကျိုး ဖြစ်စေပါတယ်။ ဒါကြောင့် မိမိလုပ်လိုက်တဲ့အလုပ်(ကံစွမ်းအား) ကောင်းရင် ကောင်းကျိုးကို မလွဲမသွေ ရကြမှာပါ။

ဗုဒ္ဓရဲ့တရားတော်မှာ မေတ္တာကို အထူးပြုပြီး ဟောပါတယ်။ သည်မေတ္တာဟာ ဗုဒ္ဓဘာသာဝင်တို့အဖို့ အောင်နိုင်ရေးမှာ်ဦး (အရာ ခပ်သိမ်းတို့ရဲ့ ပန်းတိုင်)၊ ချစ်ခြင်းသဘောအားလုံး ပါဝင်ပါတယ်။

မေတ္တာဆိုတာ မိမိကိုယ်ကျိုးကို စွန့်ပြီး ကူညီစောင့်ရှောက်ခြင်းသဘော၊ သူတစ်ပါးရဲ့ လူမှုရေးလိုအပ်ချက်နဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတွေကို လိုလိုလားလား ဖော်ဆောင်တဲ့သဘောပါ ပူးတွဲပါဝင်ပါတယ်။

ဗုဒ္ဓဝါဒမှာ မေတ္တာဟာ လူမှုတိုးတက်ရေးရဲ့ အခြေခံ ဖြစ်ပါတယ်။ နောက် မေတ္တာဆိုတာ သူတစ်ဦးတစ်ယောက် လွန်မင်းစွာ နာကျင်ခံစားနေရချိန်၊ အတိဒုက္ခရောက်နေချိန်တို့မှာ အကျယ်ပြန့်ဆုံးနဲ့ မမှန်းဆနိုင်လောက်အောင် ခံစားရတဲ့ ကိုယ်ချင်းစာတရားရှိမှုပဲ ဖြစ်ပါတယ်။

**စစ်မှန်တဲ့ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ သတ္တဝါအားလုံး အပေါ် တူညီတဲ့ မေတ္တာထားပြီး လူမျိုးမရွေး၊ လူတန်းစားမရွေး၊ အသားအရောင်မရွေး၊ ကျား–မ မရွေး လက်တွေ့ပြသကျင့်သုံးလေ့ရှိပါတယ်။**

ဒ့ါအပြင် သမ္မာကျမ်းစာဟာ အနောက်နိုင်ငံသားတို့အဖို့ ယဉ်ကျေးမှုနဲ့ တွေးထင်မှုတို့ရဲ့ အကြောင်းခံတရားဖြစ်သလို ဗုဒ္ဓရဲ့ အဆုံးအမဟာလည်း အရှေ့တိုင်းသားများအတွက် ယဉ်ကျေးမှုဆိုင်ရာ တွန်းအားဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မများဟာ ခရစ်ယာန်သမ္မာကျမ်းစာများထက် ပိုပြီးများသလို ပိုပြီး အသေးစိတ်လည်း ကျပါတယ်။ ဒါကို ဘာသာပြန် ရမည်

ဆိုရင် အတွဲဒါဇင်ပေါင်းများစွာ ဖြစ်ရပါလိမ့်မယ်။ ဗုဒ္ဓရဲ့ အဆုံးအမ (တရား) များကို ပါဠိလို တိပိဋကလို့ ခေါ်ပါတယ်။ ခြင်းတောင်းကြီး သုံးလုံးလို့ အဓိပ္ပာယ် ရပါတယ်။

ဝိနည်းပိဋက 'စည်းကမ်းချက်များခြင်းတောင်း'မှာ ကျမ်းငါးစောင် ရှိပြီး သံဃာတော်များ ကျင့်သုံးရေးဆိုင်ရာ စည်းကမ်းဥပဒေသများ ပါဝင်ပါတယ်။

သုတ္တန်ပိဋက 'တရားဓမ္မများခြင်းတောင်း'မှာ တရားဓမ္မ ဆွေးနွေးခန်းများ၊ ပုံဝတ္ထုများ၊ ကဗျာများနဲ့ စကားပုံများကို စုစည်းပြီး စကားပြေနဲ့ ရေးသားထားပါတယ်။ ဗုဒ္ဓဝါဒအရ လိုက်နာကျင့်သုံးကြရမယ့် သီလ (ကိုယ်ကျင့်တရား)တွေကို ဖော်ပြထားပါတယ်။

အဘိဓမ္မာပိဋက 'အဆုံးစွန်တရားများခြင်းတောင်း'မှာတော့ ကိုယ်တွေ့ သိမြင်မှုနဲ့ဆိုင်တဲ့၊ သဘာဝဓမ္မနဲ့ဆိုင်တဲ့၊ စိတ်ပညာနဲ့ဆိုင်တဲ့တရားတွေ ပါဝင်လို့ ဒဿနဗေဒပညာရှင်များ ပိုပြီး စိတ်ဝင်စားကြပါတယ်။

ဒါကြောင့် တိပိဋက(ပိဋကသုံးပုံ)ဟာ ပညာရေး၊ အကျင့်သီလရေးနဲ့ လောကုတ္တရာရေးဆိုင်ရာ လုပ်ငန်းစဉ်များပါဝင်ပြီး လူတန်းစားအားလုံးကို လမ်းညွှန်မှုများ ပေးထားပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ မိန့်မှာချက်ကတော့ မြန်မာနိုင်ငံတွင်သာမက သတ္တဝါအားလုံးအတွက်ပါ မီးအိမ်ကို ထွန်းညှိပါ(ပညာအလင်းရောင် ဖြန့်ပေးပါ)ဟူ၍ ဖြစ်ကြောင်းပါ။

*



# ဗုဒ္ဓဘာသာနှင့် ကြောင်းကျိုးတရား

ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓဘာသာဟာ ယေဘုယျအားဖြင့် အများနားလည်နေကြတဲ့ ဘာသာမျိုး မဟုတ်ပါဘူး။ * သည်နေ့ကမ္ဘာ တစ်လွှားမှာ မတည်မငြိမ်ဖြစ်နေတဲ့ကြားကပဲ ဗုဒ္ဓဝါဒဟာ ဘဝမှန်ကို ဘယ်လို ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ငြိမ်းချမ်းစွာ နေကြရမယ်ဆိုတာကို ပြသဖို့ လက်တွေ့နည်းလမ်းတစ်ရပ် ဖြစ်ပါတယ်။

---

* ဆရာတော်က ဤသို့ ရှင်းလင်းဟောကြားသည်ကို အရှင် ဉာဏိက ရေးသည့် **'ဆရာတော် အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့် ကမ္ဘာ့ဗုဒ္ဓ သာသနာပြု မှတ်တမ်း'** (၁၉၉၀)တွင် ဤသို့ ဖတ်ရှုရပါသည်။

'အများက ဘာသာတရား(Religion)ဟူသော စကားအရ ယုံကြည်လက်ခံထားကြသော အဓိပ္ပာယ်မှာ ယုံကြည်မှုနှင့် ရှိခိုးဝတ်ပြုမှုတို့ကို အခြေခံသည်။

ယုံကြည်မှုဟူသည်မှာလည်း အနန္တစကြဝဠာကို ဖန်ဆင်းသော အနန္တတန်ခိုးရှင်ကို ယုံကြည်အားထားခြင်း၊ မည်သည့်အခါမှ မသေဆုံး မပျက်စီးနိုင်သော အတ္တ(An Immortal Soul)နှင့် ဗြဟ္မာ၊ ထာဝရ၏ ဆန္ဒအတိုင်း အကောင်အထည်ဖော်ရသော ကယ်တင်ရှင်(Savior)၊ သို့တည်းမဟုတ် တမန်တော်ကို ယုံကြည်ခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ၌ ဤသို့သော ယုံကြည်ခြင်းမျိုး မရှိပါ။'

ဗုဒ္ဓဝါဒဟာ ဘာသာတရားမဟုတ်ဘူးလို့ ဘာကြောင့် ပြောရသလဲ ဆိုရင် ယုံကြည်မှု (Faith)နဲ့ ရှိခိုးဝတ်ပြုမှု – ကိုးကွယ်ခြင်း (Worship) စနစ် မဟုတ်လို့ပါပဲ။ ဘာသာတရားဆိုတဲ့စကားဟာ သာမန် အားဖြင့် ယုံကြည်ခြင်းနဲ့ ရှိခိုးဝတ်ပြုခြင်းတို့ကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ တကယ့်ဗုဒ္ဓဝါဒဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘဝမှန် (မှန်ကန်

'ဗုဒ္ဓဘာသာတွင်လည်း နတ်၊ ဗြဟ္မာဆိုတာ ရှိပါတယ်။ သို့သော် သူတို့မှာ အခြားဘာသာများက လက်ခံယုံကြည်ထားကြသလို ကမ္ဘာကို ဖန်တီးနိုင်တဲ့ သတ္တိမရှိပါ။ သူတို့ကိုယ်တိုင်ပင် သေဆုံးပျောက်ကွယ်ခြင်း သဘော ရှိပါတယ်။ အကြောင်းအကျိုးဖြစ်စဉ်ကြီးမှ မလွတ်ပါ။ မည်သူ့ကိုမျှ ဘဝသံသရာမှ မကယ်တင်နိုင်ပါ။ ဗုဒ္ဓက မည်သည့် နတ်၊ ဗြဟ္မာ တန်ခိုးရှင်ကိုမှ ယုံကြည်အားကိုးဖို့ မတိုက်တွန်းပါ။'

'ဗုဒ္ဓသည် မည်သူ့ကိုမျှ ပုံ၍အပ်ခြင်း၊ ယုံကြည်ခြင်းမပြုရန် ဟောညွှန်ခဲ့ပါသည်။ ဗုဒ္ဓကို ခိုလှုံရာအဖြစ် (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ) မှတ်ယူခြင်း ဆိုသည်မှာ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို ဗုဒ္ဓက ဟောပြောတဲ့ အတွက် သည်သင်ကြားချက်ကို လိုက်နာရင်လည်း ဒုက္ခ ခပ်သိမ်း အေးငြိမ်းနိုင်တဲ့ အတွက် သင်ကြားပြသူဆရာ၊ ရှေ့သွားခေါင်းဆောင်တစ်ယောက်ကို အသိအမှတ် ပြုခြင်းမျိုးကို ဆိုလိုပါသည်။ သူ့ကံနှင့် သူသာ၊ ကိုယ်ပြုတဲ့ ကောင်းမှု၊ မကောင်းမှု အရ ကောင်းကျိုးဆိုးပြစ် ခံကြရတာ။'

'နောက်တစ်ချက်က ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓကို ကိုးကွယ်ရာ၊ ခိုလှုံအားထားရာအနေနဲ့ ယုံမှတ်ဆည်းကပ်ခြင်းဟာ ဗုဒ္ဓသည် သတ္တဝါ အများတို့ရဲ့ မဟာကရုဏာရှင် ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် ပါပဲ။

ဗုဒ္ဓကိုယ်တော်မြတ်ဟာ သတ္တဝါတွေ အမြင်မှန်ရပြီး အားနည်းချက် အမျိုးမျိုး၊ စိတ်ညစ်ညူးမှုအဖုံဖုံ၊ ပူဆွေးဝမ်းနည်း ဆင်းရဲမှုအထွေထွေမှ လွတ်ကြပါစေလို့ ဆင်းရဲကင်းကြောင်း နည်းလမ်းကောင်းတွေ ပြညွှန်တော်မူတယ်။



စွာ အသက်မွေးခြင်း)ကို သိအောင်၊ ဘဝရဲ့ အခြေအနေအရပ်ရပ်ကို သိအောင်၊ အခြားသူများနဲ့ဖြစ်စေ၊ အမှန်တရားများနဲ့ဖြစ်စေ လိုက်လျောညီထွေစွာ နေတတ်အောင် ပြညွှန်တဲ့ လမ်း (ကျင့်စဉ်)များ ဖြစ်လို့ပါပဲ။

ဗုဒ္ဓဝါဒဟာ ကြောင်းကျိုးတရားက ပေါက်ဖွားလာပါတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ အခိုင်အမာ ချမှတ်ပြဋ္ဌာန်းထားတဲ့ တရားသေ ဝါဒ

သည်နည်းလမ်းကို ကိုယ်တွေ့ရှာဖွေတဲ့အခါတုန်းကများ ဆိုရင် ရှည်လျားပင်ပန်းလှတဲ့ အခက်အခဲ၊ အကျပ်အတည်း၊ ဆင်းရဲပင်ပန်းမှုတွေကို ဖွဲ့ကောင်းကောင်းနဲ့ အားထုတ်ကြိုးစားပြီး ခုခံခဲ့ရတယ်။

နောက်ဆုံး အမြင့်ဆုံးဉာဏ်တော်(Supreme Enlightenment) ကို ရတော်မူပါတယ်။ ရတော်မူတော့လည်း နေ့မအား၊ ည မနား ကိုယ် ကာယ ပင်ပန်းမှုကို နည်းနည်းကလေးမှ အရေးမထားဘဲ သက်တမ်း တစ်လျှောက်လုံး သတ္တဝါအားလုံးကို ငြိမ်းချမ်းသာယာရေး၊ ဒုက္ခမှ ကင်းလွတ်ရေး၊ ဘဝသံသရာ ပြတ်စဲရေးကို နည်းပေးလမ်းပြ ဆုံးမ သွန်သင်ရန် နေရာအနှံ့ ကြွတော်မူတယ်။ ဒါ့ကြောင့် ဗုဒ္ဓဟာ သည်အဓိပ္ပာယ် ခံယူချက်နဲ့ ဆိုရင် တကယ့် ကယ်တင်ရှင်ကြီး ဖြစ်တော်မူပါတယ်'

'ဗုဒ္ဓက သတ္တဝါတွေ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အမှောင်ထု အင်အားစုတွေကို တိုက်ခိုက်တွန်းလှန်နိုင်ဖို့ရန် နည်းလမ်းနဲ့ လက်နက်ပေးပြီး တိုက်တွန်းတော်မူခဲ့တဲ့အတွက် နတ်၊ လူအများတို့ရဲ့ ရှိခိုးဦးတိုက်ဂုဏ်ပြုဖို့ ထိုက်တော်မူတယ်။

ဒါကြောင့် ရှိခိုးဦးတိုက်ကြတယ်။ ကယ်တော်မူပါ၊ မ,တော်မူပါ၊ ဂုဏ်ကျက်သရေ၊ စည်းစိမ်ဥစ္စာကို ပေးတော်မူပါလို့ တောင်းခံနေတာ မဟုတ်ပါ။ တောင်းခံလို့လည်း မရနိုင်ပါ။ ပေးတဲ့သူကလည်း ပေးလို့ ဖြစ်နိုင်တာမျိုး မဟုတ်ပါ။'

*(မြန်မာပြန်သူ)*

(Dogma) မဟုတ်ပါဘူး။

လောကရဲ့ သဘာဝဥပဒေသများကို သိပ္ပံနည်းကျကျ ရှင်းလင်းညွှန်ပြထားတဲ့ တရားဖြစ်ပါတယ်။ တရားသေဝါဒဆိုတာ အများသိကြတဲ့အတိုင်း သက်ဆိုင်ရာများက အမှန်တရားကို ကိုယ်စားပြုပြီး တရားသေစနစ်အဖြစ် ချမှတ်ပြဋ္ဌာန်းထားတာပဲ ဖြစ်ပါတယ်။

သဘောကတော့ တစ်ဦးတစ်ယောက်ရဲ့ အယူအဆကို ထုတ်ပြန်ထားတဲ့ ကြေညာချက်ပါပဲ။ ဗုဒ္ဓဝါဒမှာ ဒါမျိုး လုံးဝမရှိပါဘူး။ အားလုံးလိုက်နာကျင့်သုံးအပ်တဲ့ အမှန်တရားများနဲ့ အခြေခံစည်းမျဉ်း (ကျင့်ဝတ်)များသာ ရှိပါတယ်။

ဗုဒ္ဓဝါဒက အမှန်တရားများ၊ စကြဝဠာနဲ့ဆိုင်တဲ့ ဥပဒေသများ၊ ကြောင်းကျိုးတရားများ (ဓမ္မနိယာမ)ကို ထုတ်လုစ်ပြီး မိမိသည်သာ မိမိ၏ဘဝအရှင်သခင် ဖြစ်တယ်လို့ ကြေညာခြင်း ပြုပါတယ်။ ဗုဒ္ဓ ဘာသာဝင်တစ်ယောက် အနေနဲ့ မိမိရဲဘဝကို မိမိစိတ်ကူးရှိတဲ့အတိုင်း မိမိ ကြိုက်နှစ်သက်သလို ပုံလောင်းနိုင်ကြပါတယ်။

ဗုဒ္ဓဝါဒဟာ စိတ်ရဲ့လေ့ကျင့်မှုမရှိလို့ သေရမှာ ကြောက်တယ်ဆိုတဲ့ ကြောက်လန့်မှုကိုလည်း ဖယ်ရှားပေးပါတယ်။ ဗုဒ္ဓဝါဒဟာ အကောင်းမြင် ဝါဒလည်း မဟုတ်၊ အဆိုးမြင်ဝါဒလည်းမဟုတ်တဲ့ မှန်ကန်တဲ့ ဘဝထူထောင်မှုပဲ ဖြစ်ပါတယ်။

များသောအားဖြင့် အနောက်နိုင်ငံသားတွေဟာ ဗုဒ္ဓဝါဒကို အဆိုးမြင်ဝါဒလို့ ထင်မှတ်ကြပါတယ်။ အမှန်ကတော့ ဗုဒ္ဓဝါဒဟာ အဆိုးမြင်ဝါဒမဟုတ်သလို အကောင်းမြင်ဝါဒလည်း မဟုတ်ပါဘူး။

ကမ္ဘာမှာရှိကြတဲ့ လူအတော်များများ အထူးသဖြင့် ဆင်ခြင်တုံတရားကင်းမဲ့ကြသူများ၊ ဂရုတစိုက်မရှိဘဲ ပေါ့ပေါ့နေတတ်ကြသူများဟာ ဘဝကို အကောင်းဘက်ဆွဲယူပြီး ကြည့်တတ်ကြပါတယ်။ သည် လူသား



တွေ စိတ်ဓာတ်ကျတဲ့အခါ အကောင်းဘက်ကိုကြည့်ဖို့ပဲ တိုက်တွန်းဆုံးမကြလေ့ရှိပါတယ်။

သည်နည်းဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ မမှန်ကန်ပါဘူး။ အကောင်းမြင်ဝါဒဟာ ဘဝရဲ့အခြေအနေတွေကို ပိုပြီးတွက်လေ့ ရှိတဲ့အတွက် အမှန်တရားကို မမြင်စေပါဘူး။ အလားတူပဲ အဆိုးမြင် ဝါဒဟာလည်း အရာရာကို လျှော့ပြီးတွက်လေ့ရှိတဲ့အတွက် အမှန်ကို မမြင်စေပြန်ပါဘူး။

ဘဝမှန်ကို မြင်စေတာကတော့ သည်အစွန်းနှစ်ဖက်ကင်းတဲ့ အလယ်လမ်း(မဇ္ဈိမပဋိပဒါ)ပါပဲ။ သည်အစွန်းနှစ်ဖက်အနက် တစ်ဖက်ဖက်ကို လိုက်လို့ကတော့ ဘယ်သူ့ကိုမှ အကျိုးပြုမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ကတော့ ဗုဒ္ဓဝါဒဟာ ဘဝမှန်ကို တည်ဆောက်ရေးပါပဲ။

ခုဘဝမှာ ပျော်ရွှင်ချမ်းမြေ့ပြီး ငြိမ်းချမ်းစွာ၊ လုံခြုံစွာ နေနိုင်ဖို့နဲ့ နောက်ဘဝ လုံခြုံဖို့ဆိုတဲ့နည်းလမ်းပဲလို့ အဓိပ္ပာယ်ရပါတယ်၊ ခံယူကြပါတယ်။ ဗြိတိန်နိုင်ငံက လူတွေဟာ အနာဂတ်လုံခြုံရေးအကြောင်း ပြောကြလေ့ရှိပါတယ်။

ဒါပေမဲ့ သူတို့ပြောကြတဲ့ လုံခြုံရေးဟာ ယာယီသဘော ဆောင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေပြောကြတဲ့ လုံခြုံရေးကတော့ တည်မြဲပါတယ်။ ဘဝသံသရာပြတ်စေတဲ့ အမြဲတမ်းသဘောဆောင်ပါတယ်။

လူတို့ရဲ့ဘဝ၊ စကြဝဠာတစ်ခုလုံးမှာရှိကြတဲ့ သတ္တဝါမှန်သမျှတို့ရဲ့ ဘဝဟာ ဘယ်တော့မှ မပြောင်းလဲတဲ့ အဆုံးအစမရှိတဲ့ ဥပဒေသတွေဖြစ်တဲ့ ကြောင်းကျိုးတရားတွေ၊ စိတ်ပိုင်းဆိုင်ရာ ဥပဒေသတွေ၊ စိတ္တဇဗေဒဆိုင်ရာဥပဒေသတွေ(စိတ္တနိယာမ)က စိုးမိုးထားပါတယ်။ ဒါ့ကြောင့် စကြဝဠာ တစ်ခုလုံးကို တကယ်ရှိလေဟန်ထင်ရတဲ့ ဘုရားသခင်က မဟုတ်ဘဲ

သည်အဆုံးအစမရှိတဲ့ ဥပဒေသတွေကသာ စိုးမိုးလို့ နေပါတယ်။

ပမာဆိုကြပါစို့။ ဗုဒ္ဓဝါဒအရ အပြစ်– အကုသိုလ်ဒုစရိုက်မှု (Sin)ဟာ ခရစ်ယာန်ဘာသာမှာ ဖော်ပြလေ့ရှိတဲ့ မူလအပြစ်နဲ့ လုံးဝ မတူ တစ်ဘာသာခြားပါတယ်။

ဗုဒ္ဓဝါဒမှာ အပြစ်ဆိုတာ အမှန်တရားများ၊ တရားမျှတမှုရှိတဲ့ ဥပဒေသများကို မသိနားမလည်တဲ့ လူတွေရဲ့ လုပ်ဆောင်ချက်ရဲ့ ရလဒ် (အကျိုးတရား)ပဲလို့ ဆိုပါတယ်။ သိကြတဲ့အတိုင်းပဲ အပြစ်ကို ကျူးလွန်မိရင် ဝမ်းနည်းကြေကွဲစရာတွေ ဖြစ်ပေါ်စေပါတယ်။ တကယ်က သည်ဥပဒေသ တွေဟာ ရှေးအထက်ကျော် ကာလကတည်းကရှိခဲ့တဲ့ ဘဝရဲ့ ဥပဒေသတွေ၊ အဆုံးအစမရှိတဲ့ ဘဝရဲ့ဥပဒေသတွေပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးကို အမှန်တရားများက ထိန်းကျောင်းနေတာမဟုတ်ဘဲ ဘုရားသခင်ကသာ စဉ်ဆက်မပြတ် ပြောင်းလဲဖန်ဆင်းနေတယ်လို့ ထင်မြင် ကြသူတွေအတွက်တော့ အမြင့်ဆုံးတန်ခိုးတော်ရှင် ဘုရားသခင်ကိုပဲ ကောင်း အောင်ဖန်ဆင်းပေးဖို့ တောင်းပန်တိုက်တွန်းကြရုံပဲ ရှိပါတော့တယ်။

ဒါက ဘာကို ပြသလဲဆိုရင် ဘုရားသခင်ရဲ့ဆန္ဒဟာ အမြဲတမ်း မျှတမှုရှိတယ်ဆိုတာကို မယုံကြည်ကြတဲ့သဘောပါပဲ။

ဘုရားသခင်ရဲ့ အမျက်ဒေါသကို ကျေအေးအောင်၊ သနား ကရု ဏာ ထားလာအောင်၊ မိမိကို မျက်နှာလိုက်အောင် တောင်းခံရမယ့် သဘော ဖြစ်နေပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့တော့ စကြဝဠာတစ်ခုလုံး ကိုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူသား အားလုံးကို ဖြစ်စေ သဘာဝတရားနဲ့ အမှန်တရားများကသာ ထိန်းချုပ်ထားတယ်လို့ ခံယူပါ တယ်။

ဘယ်တော့မှ မပြောင်းလဲတဲ့ ပရမတ္ထသစ္စာ(အမြဲမှန်နေတဲ့ တရား၊ အကြွင်းမဲ့မှန်နေတဲ့တရား)လို့ ခံယူပါတယ်။ ဒါ့ကြောင့် လူတိုင်းရဲ့တာဝန်



ဟာ သည်သဘာဝတရားတွေ၊ တရားမျှတတဲ့ ဥပဒေသတွေကို ပြောင်းလဲ ပေးဖို့ ဆုတောင်းခြင်း(Prayer)မပြုကြဘဲ အစဉ်စောင့်ထိန်း(ကာကွယ်) ကြဖို့ ပါပဲ။ သည် အဆုံးအစမရှိတဲ့ ဥပဒေသတွေ၊ ဘယ်တော့မှ မပြောင်းလဲတဲ့ တရားတွေကို နားလည်အောင်လုပ်ပြီး လိုက်လျောညီညွတ်အောင် (သဟ ဇာတ) ဖြစ်အောင် နေကြဖို့ပါပဲ။

ရှင်တော်ဗုဒ္ဓ တစ်လျှောက်လုံးဟောကြားခဲ့သမျှမှာ မိမိကိုယ်မိမိ အားကိုးဖို့၊ မိမိကိုယ်မိမိ ယုံကြည်ဖို့၊ စိတ်ဓာတ်ကြံ့ခိုင်စွာ ပိုင်းဖြတ်ဖို့ ခွန်အား များ မွေးမြူဖို့၊ မှန်ကန်တဲ့အလုပ်ကို လုပ်ဖို့၊ လုံ့လထုတ် ကြိုးကုတ်ဖို့ အမြဲပဲ အလေးအနက်ထား ဆုံးမတော်မူခဲ့ပါတယ်။

ဗုဒ္ဓဝါဒဟာ လူသားတိုင်းကို မိမိခြေထောက်ပေါ် မိမိရပ်စေပြီး မိမိကံကြမ္မာရဲ့ အရှင်သခင်ဖြစ်စေပါတယ်။ မှန်ကန်တဲ့ သတ္တိရှိမှုကိုလည်း အထူးပြုပြီး ဟောကြားတော်မူခဲ့ပါတယ်။

ဓမ္မပဒမှာ 'သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်)ကို ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။ ကျင့်ကြံကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ် မြောက်နိုင်ကုန်၏'လို့ ဆိုပါတယ်။

အဲဒီ စာအုပ်ထဲမှာပဲ 'မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်း တည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့လျော့ သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သူတို့သည် သေသည် မည်ကုန်၏'လို့လည်း မိန့်ကြားခဲ့ပါတယ်။

ဗုဒ္ဓက အရာခပ်သိမ်း သက်ရှိသတ္တဝါခပ်သိမ်းတို့သည် သေခြင်း သဘောနှင့် အတိဖြစ်၏။ စဉ်ဆက်မပြတ် အဆုံးအစမရှိ သေကြကုန်၏။ သေခြင်းကင်းသည့် အဓိပ္ပာယ်ကား နိဗ္ဗာန်တည်းလို့ ဆိုပါတယ်။

ဒါ့ကြောင့် ဗုဒ္ဓက မဆုံးနိုင်တဲ့ လုံ့လ၊ မတုန်လှုပ်တဲ့ ဇွဲသတ္တိတွေနဲ့

ကြိုးစားခဲ့လို့ ခုလိုအမြင့်ဆုံးဉာဏ်တော်ကိုရပြီး ဗုဒ္ဓအဖြစ် ရခဲ့တာလို့ တိုက်ရိုက်ရော သွယ်ဝိုက်ပြီးပါ ပြောကြားခဲ့ပါတယ်။ သို့ပေမယ့် ဗုဒ္ဓဟာ သည်ဗုဒ္ဓအဖြစ်ရခဲ့တာကို တစ်ဦးတည်းမူပိုင်အဖြစ် ယူမထားပါဘူး။

သမာဓိတရားဘက်မှာ အစွမ်းကုန်မြင့်မားဖို့၊ ကြိုးစားအားထုတ်ဖို့၊ မိမိကဲ့သို့ ကျင့်ကြံကြဖို့ တပည့်သာဝကများကို အားပေးခဲ့ပါတယ်။

ဒါဟာ ဗုဒ္ဓဝါဒရဲ့ အဓိကထူးခြားချက်ပါပဲ။ ဗုဒ္ဓဟာ သားတွေကို အလွန်ဂရုစိုက်တဲ့၊ သူနဲ့ တန်းတူဖြစ်စေလိုတဲ့၊ သို့မဟုတ် ဖြစ်နိုင်ရင် သူ့ထက်ပိုတော်စေလိုတဲ့ ဖခင်တစ်ယောက်နဲ့ ပမာတူပါတယ်။ သည်အချက်က ဗုဒ္ဓဝါဒရဲ့ ချစ်စရာကောင်းတဲ့အချက်(နှစ်သက်စရာ ကောင်းတဲ့အချက်)ပါပဲ။ ဗုဒ္ဓဟာ ဉာဏ်ပညာပွင့်လင်းစေမယ့်လမ်းကို ညွှန်ပြခဲ့ပါတယ်။

နောက်ပြီး ဗုဒ္ဓက မိမိကိုယ်မိမိ အားကိုးဖို့ မိမိဘာသာမိမိ ကြိုးစားအားထုတ်ဖို့ မိမိကျူးလွန်ခဲ့တဲ့အပြစ်(အကုသိုလ်)တွေက လွတ်မြောက်အောင် သည်လောကမှာပဲဖြစ်ဖြစ်၊ နိဗ္ဗာန်မှာပဲဖြစ်ဖြစ် ကူညီမစမယ့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တပည့်သာဝကများကို ထပ်ခါ တလဲလဲ မှာကြားခဲ့ပါတယ်။

ဗုဒ္ဓက 'မကောင်းမှု(အကုသိုလ်)ဟူသမျှကို သင်၏မိဘများ၊ မိတ်ဆွေများ၊ ဆွေမျိုးဉာတကများနဲ့ သွန်သင်ဆုံးမသူများ(ဆရာများ)က ပြုလုပ်ကြတာမဟုတ်ဘဲ သင်ကိုယ်တိုင် ကျူးလွန်ခြင်းသာ ဖြစ်ဘိ၏။ ထို့ကြောင့် မိမိတို့ကျူးလွန်သမျှ ပြစ်မှုများအတွက် မိမိတို့တွင်သာ တာဝန်ရှိကြ၏။ ထိုမကောင်းမှု အသီး အပွင့်များကိုလည်း မိမိဘာသာ ရိတ်သိမ်းကြရာ၏။ (မကောင်းမှုဒဏ်ကို မိမိဘာသာ မိမိခံကြရာ၏)လို့လည်း မိန့်ကြားခဲ့ပါတယ်။

သည်လို ကယ်မ မယ့်သူ မရှိကြောင်း၊ ဘုရားသခင် (ကယ်တင်ရှင်)မရှိကြောင်း၊ ကယ်တင်မယ့်အခမ်းအနား(Ceremony)မရှိကြောင်း၊



ကယ်တင်မယ့် တန်ခိုးတော်ရှင် မရှိကြောင်း သိကြတဲ့ တကယ့်စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်များဟာ မိမိကိုယ်ကိုမိမိ အားကိုးရုံ၊ မိမိဘာသာမိမိ ကြိုးစားရုံကလွဲလို့ အခြားမရှိပြီဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ကြပါတယ်။

ဒါ့ကြောင့် သူတို့ဟာ သူတို့ရဲ့စွမ်းအားနဲ့ သူတို့ရဲ့တာဝန်(ရှိမှု)ကိုပဲ ယုံကြည်အားထားကြပါတယ်။ ဘုရားသခင်နဲ့ ရှိလေဟန်ထင်ရတဲ့ အခြားတန်ခိုးတော်ရှင်တွေကို အားကိုးခြင်းဟာ မိမိကိုယ်ကိုမိမိ ယုံကြည်မှုကိုရော တာဝန်စောင့်ထိန်းမှုကိုပါ ထိပါးစေပါတယ်။ မိမိကိုယ်မိမိ အားကိုးခြင်းသည်သာ မိမိကိုယ်မိမိ ယုံကြည်ခြင်းကိုရော တာဝန်ကျေပွန်စေခြင်းကိုပါ အားဖြည့်စေပါတယ်။

တရားသေဝါဒတို့၊ စိုးမိုးချုပ်ချယ်မှုတို့ မရှိမှလည်း မိမိဘာသာမိမိ လွတ်လပ်စွာတွေးထင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှလည်း အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်စွမ်းရည်များပါ တိုးတက်မြင့်မားလာကြမှာ ဖြစ်ပါတယ်။ တရားသေ ဝါဒနဲ့ စိတ်ကို ချုပ်ကိုင်ထားမယ်ဆိုရင် မိမိစိတ်ဓာတ် တိုးတက်မြင့်မားလာမှုနဲ့ မိမိကိုယ်မိမိ ယုံကြည်အားထားမှုတွေ ဘယ်နည်းနဲ့မှ မရှိနိုင်သလို ပြင်ပတန်ခိုးရှင်များအပေါ် ယုံကြည်အားကိုးခြင်းဟာလည်း မိမိရဲ့စိတ်ကို ထိုင်းမှိုင်းစွာ တွေဝေစေပါတယ်။

ဘုန်းကြီးဟာ ခရစ်ယာန်ဘာသာဝင်များနဲ့ နှစ်ပေါင်းများစွာ အတူနေခဲ့ဖူးပါတယ်။ အချို့ ခရစ်ယာန်မိတ်ဆွေများဆိုရင် 'အို . . . ဘုရားသခင် အကယ်၍များ ဘုရားသခင် တကယ်ရှိခဲ့လျှင် တပည့်တော်၌ ဝိညာဉ် တကယ်ရှိခဲ့လျှင် တပည့်တော်၏ဝိညာဉ်ကို ကယ်မတော်မူပါဘုရား'လို့ နောက်ပြောင်ပြီး ဘုရားရှိခိုးဝတ်ပြုကြတာကို ကြားခဲ့ဖူးပါတယ်။

ဘယ်အယူဝါဒ(ယုံကြည်မှု)မှာပဲဖြစ်ဖြစ် စိတ်လွတ်လပ်မှုဟာ သိပ်ပြီး အရေးကြီးပါတယ်။ သိကြတဲ့အတိုင်းပါပဲ၊ ဗုဒ္ဓရဲ့ တရားဂုဏ်တော် ခြောက်ပါးမှာ 'ဧဟိ ပဿိကော – ကိုယ်တိုင်လာ၍ မျက်မြင် ကြည့်လှည့်

ပါကုန်’လို့ ဖော်ပြထားပါတယ်။

ဗုဒ္ဓက သူပြောတာကိုတောင် မျက်ကန်းသဖွယ် မယုံကြည်ကြပါနဲ့လို့ ဆိုပါတယ်။ ဘာသာတရားတွေအနက် ဗုဒ္ဓဝါဒဟာ စိတ်အလုပ်၊ သတိရှိမှု၊ စိတ်ထက်သန်မှု၊ ပင်ပန်းကြီးစွာ အားထုတ်မှု စသည်တို့ကို အများဆုံး တိုက်တွန်းပါတယ်။ ဗုဒ္ဓဟာ ကာလာမမင်းသားများကို ဆုံးမတော်မူစဉ်က ကာလာမသုတ္တန်မှာ ‘တစ်ဆင့်စကားကြားရရုံမျှနဲ့၊ ကျမ်းဂန်တွေထဲမှာ ပါရုံမျှနဲ့၊ ယုတ္တိတန်ရုံမျှနဲ့၊ အပေါ်ယံသဘော ဟုတ်နိုးလေဟန် ဆင်ခြင်မိရုံမျှနဲ့၊ မှန်းဆချက်ကို အခြေခံပြီး သုံးသပ်ကြည့်ရုံမျှနဲ့၊ ဖြစ်နိုင်သည် သဘောဆောင်ရုံမျှနဲ့၊ ရဟန်းတော်ရဲ့ သက်တော်ဝါတော်အရ ကြည်ညိုလေးစားဖွယ်ဖြစ်ရုံမျှနဲ့ (အမှန်လို့) လက်မခံပါလေနဲ့။ အရည်အချင်းလည်းရှိ၊ တကယ်လည်းကောင်း၊ အပြစ်အနာအဆာလည်း ကင်း၊ ပညာရှိများကိုယ်တိုင်ကလည်း လက်ခံချီးမွမ်း၊ တကယ်လက်တွေ့ ကောင်းမွန်စိတ်ချမ်းမြေ့ကြောင်း တွေ့ရမှသာ အသင် ကာလာမမင်းများ လိုက်နာကျင့်သုံးကြပါလေ’လို့ မိန့်ကြားခဲ့ပါတယ်။

ဗုဒ္ဓက ကျမ်းဂန်များမှာ ဖော်ပြထားရုံမျှနဲ့တောင် မယုံကြည်ကြဖို့ ခုလို မှာကြားခဲ့ပါသေးတယ်။ ဆက်လက်ပြီး မိမိတို့ ဓလေ့ထုံးစံများဖြစ်လို့လည်း မယုံကြည်ကြပါနဲ့တဲ့။

ဒါပေမဲ့ သည်ဓလေ့ထုံးစံတွေကို သုတေသနပြုပြီး သေသေ ချာချာ လေ့လာပါဦး။ သည်လို လေ့လာပြီးလို့ သင်နဲ့ သင်ရဲ့ပတ်ဝန်းကျင်ကို စိတ်ရွှင်လန်းချမ်းမြေ့စေတယ်ဆိုတာ တွေ့ ကြရမှသာ လက်ခံ လိုက်နာပါလို့ ဆိုပါတယ်။

ဒါကြောင့် သည်လို ရဲဝံ့ပြတ်သားစွာ ကြေညာလိုက်တာဟာဖြင့် ဘာသာရေးဆိုင်ရာ ဆရာတွေထဲမှာ မရှိသလောက်ပဲလို့ ဆိုရပါမယ်။

သည်လို ဘဝရဲ့ အကြောင်းတရားတွေနဲ့ အခြေအနေအရပ်ရပ်



တွေကို သိရှိအောင် ဟောကြားခဲ့တဲ့ ဗုဒ္ဓရဲ့တရားကတော့ ကမ္မ(ကံ) တရားပါပဲ။

သည်တရားအကြောင်း ဆက်စပ်မိလို့ ဟောပြောခွင့်ရတာ သိပ်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓဝါဒအကြောင်းကိုရော မိမိတို့ရဲ့ နေ့စဉ်ဘဝအကြောင်းကိုပါ ပိုပြီး နားလည်သဘောပေါက်စေလို့ပါပဲ။ ‘ကမ္မ’ ဆိုတာ ပါဠိစကား၊ ‘အလုပ်’လို့ အဓိပ္ပာယ်ရပါတယ်။ ယေဘုယျအားဖြင့် ကောင်းတဲ့အလုပ်ရော၊ မကောင်းတဲ့အလုပ်ပါ အကျုံးဝင်ပါတယ်။

အလုပ်ဆိုရာမှာလည်း ကိုယ်ထိလက်ရောက်လုပ်တဲ့အလုပ်၊ နှုတ်နဲ့ ပြောတဲ့အလုပ်နဲ့ စိတ်အလုပ်တို့ အားလုံးပါဝင်ပါတယ်။ တစ်နည်း ပြောရရင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ပဲ ဖြစ်ကြပါတယ်။ အချုပ်အားဖြင့် ကမ္မဆိုတာ စိတ်အင်အားပဲ ဖြစ်ပါတယ်။ အင်္ဂုတ္တရနိကာယမှာ စိတ်ရဲ့စေ့ဆော်မှုစွမ်းအားများအကြောင်းကို အသေးစိတ်ရှင်းပြထားပါတယ်။ လူတွေဟာ သည်စိတ်ရဲ့ စွမ်းအားအတိုင်းပဲ ကြံစည်ကြ၊ ပြောဆိုကြ၊ လုပ်ကိုင်တတ်ကြပါတယ်။

ကမ္မဆိုတာ အရာရာကို ကံတရားကသာ စီမံတယ်လို့ ယုံကြည်တဲ့ ကံတရားဝါဒ (Fatalism) မဟုတ်သလို အရာရာကို မူလ ကတည်းက ကြိုတင်ပြီး အဆုံးအဖြတ်ပြုပြီးသားသဘော (Predetermination) လည်း မဟုတ်ပါဘူး။

ကမ္မဆိုတာ ဗုဒ္ဓဟောကြားတဲ့ ပဋ္ဌာန်းတော်(၂၄–ပစ္စည်း)ထဲက စကြဝဠာတစ်ခုလုံးကို စိုးမိုးတဲ့ အကြောင်းတရားတစ်ရပ်(ကမ္မပစ္စယော) ဖြစ်ပါတယ်။ နောက် ဗုဒ္ဓဆုံးမတော်မူခဲ့တဲ့ အဘိဓမ္မာဝိဘင်းကျမ်းမှာ ပါတဲ့ အသက်ရှင်ခြင်းနဲ့ သေခြင်းအကြောင်းတရားတစ်ဆယ့်နှစ်ပါး ထဲက တစ်ပါး (ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်မှ တစ်ပါးဖြစ်သော သင်္ခါရာ)လည်း ဖြစ်ပါတယ်။

တစ်ခါ ကမ္မဆိုတာ အဘိဓမ္မာနဲ့ သုတ္တန်တွေထဲမှာ ဟောကြားတော်မူတဲ့ အကြောင်းတရားလေးပါး (ကံ၊ စိတ်၊ ဥတု၊ အာဟာရ)ထဲက တစ်ပါး (ကံ)လည်း ဖြစ်ပါတယ်။

တကယ်တော့ ကမ္မဆိုတာ အတိတ်ရဲ့ အကြောင်းခံသက်သက် မဟုတ်ပါဘူး။ အတိတ်ဟာ ပစ္စုပ္ပန်ကို ဩဇာသက်ရောက်(အကျိုးပြု) စေပေမယ့် လုံးဝချုပ်ကိုင်လွှမ်းမိုးတဲ့သဘော မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကမ္မဟာ အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ပါလို့ပါပဲ။ အတိတ်ကံက မျက်မှောက်ဘဝအတွက် အခြေခံဖြစ်သလို အနာဂတ်ဘဝကို အတိတ်ကံကရော ပစ္စုပ္ပန်ကံကပါ အကျိုးပြုဖန်တီးစေလို့ပါပဲ။ အမှန်ကလည်း အတိတ်ဆိုတာ ကျန်ခဲ့ပြီးဖြစ်လို့ ပစ္စုပ္ပန်ကိုသာ စိုးပိုင်ကြပါတယ်။

ဒါကြောင့် သည်ပစ္စုပ္ပန်ကာလမှာပဲ ကောင်းမှု(ကုသိုလ်)နဲ့ မကောင်းမှု(အကုသိုလ်)တွေကို အကျိုးရှိအောင် အသုံးချကြရမှာပါ။ မိမိပြုလုပ်သလိုပဲအကျိုးသက်ရောက်မှာပါ။ မိမိပြုလုပ်သမျှ၊ သို့မဟုတ် အကြောင်းတရားအရင်းခံနဲ့အညီသာ အကျိုးတရားများ ဖြစ်ပေါ်လာကြမှာပါ။

ဒ့ါကြောင့် ကမ္မဆိုတာ စကြဝဠာကြီးတစ်ခုလုံးရဲ့ ကြောင်းကျိုးတရား ဖြစ်ပါတယ်။ ရိုးရိုးကလေးပဲ ဥပမာတစ်ခု ပြချင်ပါတယ်။ အရင်ကလည်း အကြိမ်ကြိမ် ရှင်းပြခဲ့ဖူးပါပြီ။

ဆိုကြပါစို့။ ကျောက်ခဲတစ်လုံးနဲ့ ပေါက်လိုက်တာဟာ အလုပ်၊ (အကြောင်းတရား)။ အဲသည် ကျောက်ခဲဟာ မှန်ပြတင်းကိုထိပြီး မှန်ကွဲသွားတယ်။ ပစ်ပေါက်လိုက်တဲ့အလုပ်(အကြောင်းတရား)ကြောင့် မှန်ကွဲသွားခြင်း ဖြစ်တယ်။ ဒါဟာ အကျိုးတရားပါပဲ။

မှန်ပြတင်းကို ကျောက်ခဲနဲ့ ပစ်ပေါက်လိုက်တဲ့အလုပ်ကြောင့် မှန်ကွဲ သွားရတဲ့အဖြစ်(အကျိုးတရား) ပေါ်ပေါက်ရတယ်။ သည်အကျိုးတရားက တစ်ခါ အကြောင်းတရားပြန်ဖြစ်ပြီး နောက်ထပ် ပြဿနာများ ပေါ်လာ



ရတယ်။ သို့မဟုတ် အကျိုးတရားများ ဖြစ်လာရပါတယ်။ မှန်အသစ်လဲရလို့ ငွေကြေးကုန်ကျရတာမျိုး ဖြစ်ပါတယ်။

သည်လို ငွေကြေးကုန်ကျပြီး မှန်အသစ်လဲရတော့ စိတ်ပျက်ကြ၊ စိတ်တိုကြရော။ ဒါဟာ အကျိုးတရားပဲ။ သည်လို စိတ်တိုတော့ ဒေါသကလည်း အလွယ်တကူထွက်ရော၊ သည်ဒေါသဟာလည်း အကျိုး တရားပဲ။ ဒါပေမဲ့ သည်ကတစ်ဆင့် အကြောင်းတရားဖြစ်လာပြန်ပါတယ်။

ဒေါသဖြစ်မှုကြောင့် မနှစ်မြို့ဖွယ်တစ်ခုခုကို ပြောမိ၊ လုပ်မိ နိုင်ကြပါတယ်။ သည်လို မလိုလားအပ်တဲ့အပြောနဲ့အလုပ်ကို လုပ်မိရင် သူတစ်ပါးကို တစ်မျိုးမဟုတ်တစ်မျိုး ထိခိုက်နစ်နာစေတော့တာပဲ။ သည်အတိုင်းပဲ ဆက်ကာဆက်ကာ ဖြစ်လေ့ရှိပါတယ်။ ဒေါသ ဖြစ်လို့ မနှစ်မြို့ဖွယ် တစ်ခုခုကို မိမိက ပြောဆိုမိမယ်ဆိုရင် သူတစ်ပါး ကလည်း အလားတူ မနှစ်မြို့ဖွယ် တစ်ခုကို ပြန်ပြောလာနိုင်ပါတယ်။ သည်အခါ မိမိက သတိထား မဆင်ခြင်ရင်၊ အပြင်းအထန် ငြင်းခုန်ရာက ရန်ဖြစ်ကြရတော့တယ်။ နောက်ဆုံး ခိုက်ရန်တောင် ဖြစ်ပွားနိုင်ပါတယ်။ နိုင်ငံနှစ်နိုင်ငံအကြားဆိုရင်တော့ စစ်ပွဲတောင် ဖြစ်နိုင်ပါသေးတယ်။ သည်သဘောက ကြောင်းကျိုးတရား တကယ်ရှိတယ်ဆိုတာကို ပြသနေပါတယ်။

ဒါကို အသေအချာ ဂဃနဏ နားလည်သဘောပေါက်ကြမယ်ဆိုရင် ကမ္မတရားဟာ မိမိတို့ရဲ့နေ့စဉ်ဘဝမှာ စိတ်(အတွေးအထင်) အပြောနဲ့ အလုပ်တွေကို သတိထားပြီး ထိန်းကျောင်းဖို့ လိုကြောင်း ညွှန်ပြနေပါတယ်။

သည်လိုသာ အချိန်နဲ့အမျှ ထိန်းသိမ်းကျင့်သုံးသွားနိုင်ကြမယ်ဆိုရင် လူတော်လူကောင်းများဖြစ်လာပြီး အားလုံးအပေါ် ရိုးသားမြင့်မြတ်စွာ ပြုကျင့်နိုင်ကြပါမယ်။ အခြားသူများနဲ့ ညီညွတ်ပြေပြစ်စွာ ပေါင်းသင်း ဆက်ဆံ သွားနိုင်ကြပါမယ်။ ဒါဟာ ဥပမာတစ်ခုသာ ဖြစ်ပါတယ်။

အခြားနိုင်ငံကပုဂ္ဂိုလ်တွေ ယေဘုယျမေးကြတဲ့မေးခွန်းတစ်ခု

ရှိပါတယ်။

'တပည့်တော် ကောင်းအောင် ကြိုးစားပါတယ်၊ ကောင်းတဲ့ အကျိုးဖြစ်ပေါ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

သို့ပေမယ့် တစ်ခါတလေ ထွက်ပေါ်လာတဲ့ရလဒ်၊ သို့မဟုတ် အကျိုးတရားဟာ ထင်သလိုမဟုတ်ဘဲ ဆန့်ကျင်ပြီး မကောင်းတာကိုပဲ တွေ့ရပါတယ်ဘုရား။ တပည့်တော်တို့အရပ်မှာ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့သူကို အမြော်အမြင်ရှိတဲ့လူ၊ အကင်းပါးတဲ့လူလို့ ကင်ပွန်းတပ်ခေါ်လေ့ရှိကြပါတယ်။

ပိုပြီး အကင်းပါးလေ ပိုပြီ ကောက်ကျစ်လေ၊ ပိုပြီး လောဘ ကြီးလေပါပဲ။ ဒါကိုပဲ လူ့အသိုက်အဝန်းက အောင်မြင်တဲ့ သူရဲကောင်းလို့ ချီးကျူးကြပါတယ်ဘုရား။ နောက်ပြီး ခွေးတွေကိုလည်း ကြည့်ပါဦးဘုရား၊ အားအင်အကောင်းဆုံး၊ အကြမ်းတမ်းဆုံးခွေးဟာ ကောင်းပေ့ဆိုတဲ့ အမဲရိုးကို ရပါတယ်။ သည်တော့ သည်ကြောင်းကျိုးတရားဟာ ဘယ်မှာ မှန်ကန်စွာ အလုပ်လုပ်ပါသလဲဘုရား'လို့ မေးကြပါတယ်။

ခုလိုမေးတဲ့ပုဂ္ဂိုလ်ဟာ ဩစတြေးလျလူမျိုးဖြစ်လို့ ဩစတြေးလျနိုင်ငံကသာ မေးတာ မဟုတ်ပါဘူး။

အခြားနိုင်ငံတွေကလည်း သည်လိုပဲ ကောက်ကျစ်စဉ်းလဲပြီး လောဘတက်တဲ့လူတို့အကြောင်းနဲ့ သူတို့ကိုပဲ အောင်မြင်တဲ့ သူရဲကောင်းများ အဖြစ် ချီးမွမ်းကြောင်းများ ပြောတတ်ကြပါတယ်။

ခုလည်း တရားနာပရိသတ်အနေနဲ့ 'တပည့်တော်တို့ ကောင်းမှုကုသိုလ်တွေလုပ်ခဲ့ကြ၊ ကြိုးစားပြီးတော့ ပြုလုပ်နေကြပါတယ် ဘုရား။ ဘယ်တော့များမှ ကောင်းကျိုးကို ခံစားကြရမှာပါလဲ ဘုရား။ တပည့်တော်တို့ ကောင်းမှုကုသိုလ်တွေလုပ်ခဲ့ပေမယ့် အကျိုးတရားအသီးအပွင့်တွေ ပွင့်တာ ဘာကြောင့် နှေးကွေးနေပါသလဲဘုရား'လို့ မေးချင်ကြပါလိမ့်မယ်။



နောက်တစ်ဦးက ဘုန်းကြီးကို ခုလို လျှောက်ဖူးပါတယ်။

သူဟာ ဘုရားကို အသံကျယ်စွာ ရှိခိုးဝတ်ပြုတတ်ပါတယ်။ သည်အခါ အိမ်နီးနားချင်းက လာပြီး နားညည်းကြောင်း ကန့်ကွက်ပါတယ်။ ဒါ့ကြောင့် 'တပည့်တော်ဟာ ကောင်းမွန်တဲ့ ယုံကြည်ချက်နဲ့ ကောင်းတဲ့ အလုပ်ကို လုပ်ပါလျက် ဘာကြောင့် မကောင်းတဲ့အကျိုးတရားကို ချက်ချင်း ရပါသလဲ ဘုရား၊ ကံတရားဟာ တပည့်တော်အတွက် ကောင်းကျိုး မပေးပါလားဘုရား'လို့ မေးပါတယ်။

သည်တော့ ဘုန်းကြီးက 'ဒကာကြီးဟာ . . အဲသည်အချိန်က ဘုရားသခင်ကို ရှိခိုးဝတ်ပြုတဲ့ ကောင်းမှုကုသိုလ်လုပ်တာ မှန်ပေမယ့် ခုလို ဘာကြောင့်လာပြီး စော်ကားခံရတယ်ဆိုတာ သိရအောင် ဒကာကြီးအနေနဲ့ များ မနက်ပိုင်းဖြစ်စေ၊ မနေ့ကဖြစ်စေ၊ တစ်ချိန်ချိန်က ဖြစ်စေ သူ့ကို တစ်ခုခုများ ပြောမိ လုပ်မိသလားဆိုတာ စဉ်းစားကြည့်ပါဦး။ အဲဒါမှလည်း သူခုလိုလာပြီး ပြောရတဲ့အကြောင်းရင်းကို သိရတော့မပေါ့'လို့ ပြောပြရတယ်။

လူဆိုတာ မိမိက သူတစ်ဦးကို ပြုမိတာကျတော့ မေ့နေတတ်ကြပါတယ်။ သည်တော့ တစ်ခုခုဖြစ်လာတယ်ဆိုရင်ပဲ သည်အဖြစ်ဟာ မြန်လှချေကလား၊ အငိုက်အမိခံလိုက်ရပါကလားလို့ ထင်မှတ်မှားတတ်ကြပါတယ်။

အမှန်က သည်လို မဟုတ်ပါဘူး။ မိမိပြုလုပ်မိတာကို မမှတ်မိတာပဲ ဖြစ်ပါလိမ့်မယ်။ ဖြစ်ပေါ်ရတဲ့အကြောင်းရင်းကို အထင်အမြင် လွဲတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဖြစ်သမျှဟာ မှန်တယ်လို့ ရိုးသားစွာပဲ လက်ခံသင့်ကြပါတယ်။ တကယ်လို့ ကောင်းကျိုးတစ်ခုခုပေးလာရင်လည်း စိတ်ကြီးမဝင်ကြဖို့ လိုပါတယ်။

ဒါဟာ မိမိတို့ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ရဲ့(ကံ)အကျိုးပေး

မှုပဲလို့ ခံယူသင့်ကြပါတယ်။ မကောင်းကျိုးဖြစ်ပေါ်လာရင်လည်း စိတ်မပျက်ကြဖို့၊ ဒေါသမထွက်ကြဖို့၊ အားမငယ်ကြဖို့၊ အံ့အားမသင့်ကြဖို့ သတိထားကြရပါမယ်။ မိမိတို့ရဲ့ မကောင်းမှုကံ(အကုသိုလ်)တွေကို ပြန်လည်သတိရစေဖို့ အကျိုးတရားလာပြတာပဲလို့ မှတ်ယူကြရပါမယ်။

မကောင်းမှုတစ်ခုခုဖြစ်ပေါ်လာလို့ စိတ်အနှောင့်အယှက်ဖြစ်ရရင် ဒေါသမဖြစ်ဘဲ၊ စိတ်မတုန်လှုပ်ဘဲ၊ သောကမရောက်ဘဲ၊ ကောင်းကျိုးပြုလုပ်ဖို့ ကြိုးစားကြရပါမယ်။ ဒါကြောင့် သည်ကြောင်းကျိုးတရားတွေရဲ့ သဘောသဘာဝကို နားလည်အောင် မွေးမြူပြီး ကောင်းအောင် နေထိုင်ကျင့်သုံး ဖြေရှင်းသွားဖို့ လိုပါတယ်။ ဗုဒ္ဓဝါဒအရ သည်တရားကို ကမ္မတရားလို့ ခေါ်ကြောင်းပါ။

*



# ပညာအရောင် မီးရှူးတန်ဆောင်

ဗုဒ္ဓဆိုတာ ဗောဓိဉာဏ်ကိုရပြီးသူ ဖြစ်ပါတယ်။ ဗောဓိကတော့ ဉာဏ်ပညာလို့ အဓိပ္ပာယ်ရပါတယ်။ စံပြုရမယ့်ဉာဏ်၊ အမြော်အမြင် အကျင့်သီလတွေနဲ့ ပြီးပြည့်စုံတဲ့သဘောပါ။ သည်ဗောဓိရွှေဉာဏ်တော်ကို လူသားတစ်ယောက်အနေနဲ့ ကိုယ်တိုင်ကျင့်ကြံအားထုတ်ယူရင် ရရှိနိုင်ပါတယ်။

ဗုဒ္ဓဆိုတဲ့ ဝေါဟာရကတော့ 'သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိသူ' (Enlightened One)၊ 'သိသောသူ' (A Knower)လို့ အဓိပ္ပာယ်ရပါတယ်။ နောက်ပြီး အိန္ဒိယလူမျိုး ပညာရှိကြီး ဂေါတမ အနေနဲ့ အိန္ဒိယပြည်၊ ဗုဒ္ဓဂါယာဒေသ ဗောဓိပင်ခြေရင်းမှာ သဗ္ဗညုတဉာဏ်တော်ရတဲ့အတွက် ဂုဏ်ပြုပြီး ဗုဒ္ဓလို့ မှည့်ခေါ်ထားတာလည်း ဖြစ်ပါတယ်။

ဂေါတမဟာ ခရစ်မပေါ်မီ ၆၂၃–ခုနှစ်က နီပေါနိုင်ငံ နယ်ခြားတစ်နေရာမှာ ဖွားမြင်တဲ့ ဘုရင့်သားတော်တစ်ပါး ဖြစ်ပါတယ်။ အဲသည်နေရာကို သတ္တဝါတို့ရဲ့ ကျေးဇူးရှင်ဆရာသခင် ဖွားမြင်ရာနေရာအဖြစ် အထိမ်းအမှတ်ပြုတဲ့အနေနဲ့ ကြည်ညိုသဒ္ဓါပွားတဲ့အနေနဲ့ အသောက မင်းတရားကြီးက ခရစ်မပေါ်မီ ၂၃၉–ခုနှစ်က ကျောက်တိုင်စိုက်ထူပြီး 'သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိခဲ့သူ အရှင်သူမြတ်၊ ဤနေရာတွင် ဖွားမြင်သည်' (Here was the Enlightened One Born)လို့ ကမ္ပည်းထိုးထားခဲ့

## မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

## မေတ္တာပို့

ဒုက္ခပ္ပတ္တာ– ဆင်းရဲဒုက္ခရောက်နေကြကုန်သော။ သဗ္ဗေပိ– ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော ပါဏိနော– တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခကင်းဝေးကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

သောကပ္ပတ္တာ– စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ ရောက်၍နေကြကုန်သော။ သဗ္ဗေပိ– ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော–တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိသောကာ စ– ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း မရှိကြကုန်သည်။ ဟောန္တု– ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင်တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာ စ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်။ ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

## ဆုတောင်း၊ အမျှဝေ

ဣဒံ ပုညံ၊ ကုသလံ– နိဗ္ဗာန်ရောက်စေသော်။ မမပုညံ၊ ဝေနေယျံ၊ သမံဝေငှသော။ ကြားတွေ့ဖတ်ရှု၊ နတ်လူစု၊ သာဓုနမော် ခေါ်စေသော်။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု**



# ဆရာတော်၏ဘဝဖြစ်စဉ်နှင့်သာသနာပြုလုပ်ငန်းအကျဉ်း

အဂ္ဂမဟာပဏ္ဍိတ ဦးသေဋ္ဌိလသည် ဆန်စပါးများ စိုက်ပျိုး ထွက်ရှိရာ မြေလတ်ပိုင်း၊ ပျော်ဘွယ်မြို့(ပုတီးကုန်းကျေးရွာ)တွင် ၁၈၉၆ ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

ဆရာတော်၏ခမည်းတော်သည် ဆရာတော် သုံးနှစ်သား အရွယ်ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပါသည်။ ကိုးနှစ်သားအရွယ်သို့ ရောက်ရှိသောအခါ တစ်ဦးတည်းသော အစ်ကိုသည်လည်းကောင်း၊ တစ်ဖန် တစ်ဆယ့်လေးနှစ်သားအရွယ်တွင် တစ်ဦးတည်းသောအစ်မ သည်လည်းကောင်း ကွယ်လွန်ခဲ့ကြပြန်ပါသည်။ မိခင်ဖြစ်သူသည် မြန်မာ သမားတော်တစ်ဦးနှင့် နောက်အိမ်ထောင်ပြုခဲ့ပြီး မကြာမတင်မှာပင် ယင်းသည်လည်း ကွယ်လွန်ခဲ့ပြန်ပါသည်။ ကလေးဘဝ ခုနစ်နှစ်၊ ရှစ်နှစ် သားအရွယ်မှစ၍ ပုတီးကုန်းရွာရှိ ဆရာတော် ဦးကဝိန္ဒကျောင်းသို့ သူငယ်ချင်းတစ်ဦးနှင့်အတူ နေ့စဉ်လိုပင် မှန်မှန်တက်ရောက်ပြီး ကျမ်းစာများကို ဆရာတော်ထံမှ သင်ယူခဲ့ပါသည်။ ဆယ်နှစ်သားအရွယ်သို့ ရောက်ရှိသောအခါ အချို့သော သုတ္တန်များကို အလွတ်ရွတ်ဆိုနိုင်သည့် အဆင့်သို့ ရောက်ရှိခဲ့ပြီး ၁၅ နှစ်သားအရွယ်တွင် ရှင်သာမဏေ အဖြစ် ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် အဘိဓမ္မတ္ထသင်္ဂဟ မဟာသတိပဋ္ဌာနသုတ်နှင့် ကစ္စာယနသာရပါဠိသဒ္ဒါ အစရှိသော အဘိဓမ္မာ

ကျမ်းများ၏ အချုပ်ခေါင်းစဉ်များကို အလွတ်ရရှိနေပြီ ဖြစ်ပါသည်။

ဆရာရင်းဖြစ်သူ ဆရာတော်ဦးကဝိန္ဒသည် ၎င်း ၁၂ နှစ် နှစ်သားအရွယ်တွင် အဘိဓမ္မာတရားများနာယူရန် မန္တလေးသို့ ခေါ်ဆောင်သွားခဲ့ရာမှ ဤသို့ သာသနာ့ဘောင်သို့ဝင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုမှ အသက် ၂၀ ပြည့်သောအခါ မော်လမြိုင်မြို့၌ ဆရာတော် ဦးဥက္ကံကို ဥပဇ္ဈာယ်ဆရာပြု၍ ၁၉၁၆–ခုနှစ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ယင်းမတိုင်မီ ၁၅ နှစ်သားအရွယ်ကပင် လက်ဦးဆရာရင်းနှင့်အတူ အခြားသာမဏေသုံးပါး အပါအဝင် တောထွက်၍ ကမ္မဋ္ဌာန်းတရားများ ပွားများခဲ့ပါသည်။ တောတွင်း၌ မြွေကြီးများအပါအဝင် တောရိုင်းတိရစ္ဆာန်များအလယ်တွင် ရှစ်လတာမျှ တရားအားထုတ်တော်မူခဲ့ပါသည်။

မန္တလေး မစိုးရိမ်တိုက်သို့ ရောက်ရှိပြီး ဒုတိယဆရာဖြစ်တော်မူသော ဆရာတော်ဦးအာဒိစ္စဝံသထံ၌ စာပေကျမ်းဂန်များကို အပတ် တကုတ် သင်ယူခဲ့ရာ မကြာမတင်မှာပင် စာရင်းသွင်းသူ သံဃာတော်အပါး ၅၀၀၀ ပထမကျော်တန်း စာသင်သား အဖြစ်မှ ၁၉၁၈–ခုနှစ်တွင် အရွေးချယ်ခံခဲ့ရပါသည်။

ဤအောင်မြင်မှုသည် ရဟန်းတော်တို့အဖို့ အမြင့်ဆုံးသော ပရိယတ္တိ သာသနာ့ဟိတ စာမေးပွဲများကို မန္တလေး၌ ဝင်ရောက်ဖြေဆိုရန်အတွက် လည်းကောင်း၊ စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူးရန်အတွက်လည်းကောင်း များစွာ စိတ်ဓာတ်တက်ကြွအားရှိစေခဲ့ပါသည်။

၁၉၂၃–ခုနှစ်တွင် သံဃာအပါး ၁၅၀ ဝင်ရောက်ဖြေဆိုကြသည့်အနက် လေးပါးသာ အောင်မြင်ခဲ့ပါသည်။ ဆရာတော်သည် တစ်ပါး အပါအဝင်ဖြစ်ပါသည်။ နောင် နှစ်အတန်ကြာသောအခါ ယင်းစာမေးပွဲများကို သံဃာတော်များ ယခင်ကထက် ပိုမိုအောင်မြင်ကြစိမ့်သောငှာ မေးခွန်းများကို အနည်းငယ်ပြုပြင်ခဲ့ကြပါသည်။



ယင်းအချိန်က အဆိုပါစာမေးပွဲများအောင်မြင်ရန် အရည် အချင်းမည်မျှလိုအပ်သည်ကို ယခုအခါ သိရှိသူများ အလွန် နည်းပါးလာခဲ့ကြပြီ ဖြစ်ပါသည်။

ယင်းသို့ အောင်မြင်အောင် ကြိုးပမ်းခဲ့သည့်ရလဒ်သည် ကဗျာလင်္ကာများကို တစ်ခေါက်ရွတ်ရုံမျှဖြင့် အလွတ်မှတ်သားနိုင်ခဲ့ပါသည်။ နောင်နှုတ်တိုက်စာမေးပွဲများ ဆက်လက်ဖြေဆိုနိုင်ရန် ပိဋကတ်တော်မှ တစ်ဆယ့်ငါးတွဲသော ကျမ်းဂန်များကို အာဂုံဆောင်နိုင်ဖို့ လိုအပ်လာပါသည်။

ဤအောင်မြင်မှုကြောင့် သက်တော်ငယ်ရွယ်စဉ်မှာပင် သံဃာတော် အပါး ၃၀၀ သီတင်းသုံးသည့်တိုက်၏ ကျောင်းထိုင်အဖြစ် ရောက်ရှိခဲ့ပါသည်။ ထိုအပြင် ရန်ကုန်မြို့ ဆရာတော် ဦးအာဒိစ္စဝံသကျောင်းတော်တွင်လည်း ဆရာတော်နှင့်အတူ စာသင်ဌာန၏ အကြီးအကဲ စာချ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ရပြန်ပါသည်။

များမကြာမီ ၁၉၃၃–ခုနှစ်တွင် အိန္ဒိယပြည်သို့ ကြွတော်မူပြီး ***ဆန်တိနိကာတန်*** [၁] ၌ တစ်နှစ်တာမျှ အင်္ဂလိပ်နှင့် သက္ကတဘာသာများ သင်ယူခဲ့ပါသည်။ ထိုမှတစ်ဖန် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ အင်္ဂလိပ်ဘာသာ ဆက်လက်ဆည်းပူးရန် ကြွချီပြန်ပါသည်။

သို့သော် အစားမှားသောကြောင့် ကျန်းမာရေးအခြေအနေမကောင်းသည့်အပြင် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာသောကြောင့် မူလအစီအစဉ်ကို ပယ်ဖျက်ပြီး အိန္ဒိယနိုင်ငံ ***အာဒယာ*** [၂] သို့ ပြန်ကြွပြီး သီတင်းသုံးလျက် အင်္ဂလိပ်လူမျိုးတစ်ဦးထံမှာ အင်္ဂလိပ်ဘာသာကို လည်းကောင်း၊ ယင်းတို့၏ ယဉ်ကျေးမှုနှင့် ထုံးဓလေ့များကိုလည်းကောင်း သင်ယူခွင့်ရရှိခဲ့ပါသည်။

---

၁။ Santiniketan ၂။ Adyar

ထိုသို့ အိန္ဒိယပြည်တွင်နေစဉ်အတွင်း ***အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာအဖွဲ့*** [၁] ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရပြီး ***ပီရမ်ဗာ*** [၂] ရှိ ***အခမဲ့ ဗုဒ္ဓဘာသာစာသင်တိုက်*** [၃] ၏ အုပ်ချုပ်ရေးတာဝန်ကိုလည်း ယူရပါသည်။ ဆရာတော်၏ ပြောင်မြောက်စွာဆောင်ရွက်ချက်များကို အသိအမှတ်ပြုသောအားဖြင့် အသင်းဝင်များ၏ ၁၉၃၈–ခုနှစ်၊ မေလ ၇ ရက်နေ့စွဲပါ ဂုဏ်ပြုမှတ်တမ်းလွှာတွင် 'အိန္ဒိယပြည်တောင်ပိုင်း၌ ယင်းအသင်းကြီး စတင်ဖွဲ့စည်းခဲ့သည့် ၁၉၀၃–ခုနှစ်မှစ၍ များစွာသော ဘိက္ခု(ရဟန်း)တို့နှင့် ကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိခဲ့ကြသော်လည်း အိန္ဒိယပြည်တောင်ပိုင်း၌ ဗုဒ္ဓဝါဒ သက်ဝင်လှုပ်ရှားပြန့်ပွားစေရန် လုံးပန်း ဆောင်ရွက်ရာတွင် လေးနှစ်တာမျှသာ သီတင်းသုံး နေထိုင်ခဲ့သော ဆရာတော်၏ ကိုယ်ကျိုးမငဲ့၊ မမောမပန်း စွမ်းဆောင်သကဲ့သို့ မည်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့သေးပါကြောင်း၊' ထို့အပြင် ဆက်လက်၍ '***ဘန်ဂလို***[၄]၊ ***ကိုလာ***[၅]၊ ***ဝလ္လာဂျာ***[၆]၊ ***ဝဏ္ဏိဝေဒ***[၇]၊ ***ကျက္ကာရမလ္လရ်*** [၈]၊ ***ကွန်ဂျီဝရံ*** [၉] စသော မြို့များမှ ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်အား အကျွမ်းတဝင်သိရှိပြီး အထူးမြတ်နိုး ကြည်ညိုခဲ့ကြပါကြောင်း' ဖော်ပြခဲ့ပါသည်။

အင်္ဂလိပ်ဘာသာစကားများ ပိုမိုကြွယ်ဝပြီး အထူးသဖြင့် အင်္ဂလိပ်လူမျိုးတို့၏ ပညာရေးစနစ်နှင့် မိသားစုဝင်များ ပြုစုပျိုးထောင်ကြပုံ နည်း

၁။ South India Buddhist Association
၂။ Perambur
၃။ Buddhist Free Elementary School
၄။ Bangalore
၅။ Kolar
၆။ Wallajah
၇။ Wanniveda
၈။ Chakkramallar
၉။ Konjeevaram



လမ်းများကို လေ့လာရန် ၁၉၃၈–ခုနှစ် နွေကာလတွင် အာဒယာမှ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာခဲ့ပါသည်။ တစ်ချိန်လုံး ကိုလိုနီ လက်အောက်တွင် နေခဲ့ရသော ဆရာတော်သည် အင်္ဂလိပ်လူမျိုးများ အနေနှင့် ယင်းတို့နိုင်ငံတွင် မည်သို့ပြုမူနေထိုင်ကြသည်ကို ကိုယ်တွေ့ လေ့လာရန် များစွာ စိတ်ဝင်စားခဲ့ပါသည်။ ထို့ပြင် ယင်းတို့၏ ပညာရေး စနစ်နှင့် ကလေးသူငယ်များအား ပြုစုလေ့ကျင့်ပေးပုံတို့သည် အမိနိုင်ငံရှိ ကလေးများအတွက် အကျိုးပြုနိုင်လေမည်လားဟု သိရှိရန် လက်တွေ့ကြည့်ရှုလေ့လာဖို့ ရည်ရွယ်ခဲ့ပါသည်။ အင်္ဂလန်သို့ရောက်ရှိချိန်တွင် ဆရာတော်၏ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှုသည် ကန့်သတ်မှု ရှိစေကာမူ အတော်အသင့် တတ်မြောက်နေပြီ ဖြစ်ပါသည်။ သို့သော် ထိုစဉ်က လန်ဒန်ရှိ ဗုဒ္ဓဘာသာအသင်း၏ ဖိတ်ကြားချက်ကို လက်ခံပြီး ယေဘုယျအားဖြင့် (ဓမ္မအကြောင်း)တရားဟောပြောရန် လုံလောက်သည့်အဆင့်တွင် ရှိပါသည်။ ဤသည်ပင် အင်္ဂလိပ်လူမျိုး တရားနာပရိသတ်တို့အား ပထမဦးဆုံးအကြိမ် ဟောပြောခြင်း ဖြစ်ပါသည်။ ဒုတိယအကြိမ်ဟောပြောခြင်းသည် ***ကမ္ဘာ့ဘာသာရေးကွန်ဂရက်*** [၁] ၏ ဥက္ကဋ္ဌလည်းဖြစ်၊ စတင်ဖွဲ့စည်းသူလည်းဖြစ်သော ***ဆာဖရန်စစ်ယမ်းဟတ်စ်ဗင်*** [၂] ၏ ပင့်ဖိတ်ချက်အရ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ ***စဘွန်တက္ကသိုလ်*** [၃] တွင် ***ဗုဒ္ဓဝါဒမှတစ်ဆင့် ကမ္ဘာနှင့်ပေါင်းသင်းဆက်ဆံရေး*** [၄] ဟူသော ခေါင်းစဉ်ပါ တရားတော်ကို ဟောပြောပြီးနောက် ဆက်လက်၍ တရားဓမ္မများ ဟောကြားရန် ပင့်ဖိတ်ခြင်းကို လက်မခံမီ မိမိ၏ အင်္ဂလိပ်ဘာသာစကားကို ပိုမို

၁။ World Congress of Faiths
၂။ Sir Francis Younghusband
၃။ Sorbonne University
၄။ World Fellowship Through Buddhism

ကောင်းမွန်အောင် လေ့လာရန် ဆုံးဖြတ်ပြီး ၁၉၃၉–ခုနှစ်၊ မတ်လတိုင်အောင် ***လန်ဒန်ပိုလီတက်ခ်နစ်ကျောင်း*** [၁] တွင် သင်ကြားခဲ့ပြန်ပါသည်။

ဘိက္ခု(ရဟန်း)တို့၏ဘဝအကြောင်း လုံးဝ မသိနားမလည်၊ မကြားဖူးကြသော ကမ္ဘာ့အနောက်ခြမ်းတွင် နေထိုင်ရန် အခြေအနေများသည် အထူးပင် အခက်အခဲရှိပါသည်။ ယင်းနှစ်တွင်ပင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရာ အာဒယာ၌ တွေ့ဆုံသိကျွမ်းခဲ့သော စေတနာရှင်နှစ်ဦးမှလွဲ၍ ဆရာတော်အား ထောက်ပံ့မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါချေ။ ဆရာတော်သည်လည်း ဆက်လက်ရပ်တည်နိုင်သည့်အား မရှိတော့ပါချေ။ သံဃာတော်တစ်ပါးအနေနှင့် စောင့်ရှောက်ထောက်ပံ့ကြမည့် အလား အလာလည်း မရှိပါချေ။ သို့သော် ဤသည်တို့မှာ ဆရာတော်အတွက် အနှောင့်အယှက်၊ အတားအဆီး လုံးဝမဖြစ်ခဲ့ပေ။ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်နေသူတို့ကိုပင် တတ်အားသမျှ ကူညီစောင့်ရှောက်နေခဲ့ပါသည်။ နောက်ဆုံးတွင် ဘီဘီစီ(မြန်မာပိုင်းအစီအစဉ်)နှင့်***ဒေါက်တာစတူးဝပ်*** [၂] ဖွဲ့စည်းသော မြန်မာ–အင်္ဂလိပ် အဘိဓာန်ကော်မတီတွင် အလုပ်လုပ်ကိုင်ခြင်းအပါအဝင် နည်းအမျိုးမျိုးဖြင့် မိမိဘဝရပ်တည်ရေးအတွက် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ဆက်လက်ပြီး တရားဟောခြင်း(သာသနာပြု လုပ်ငန်း) များ မပြုလုပ်နိုင် သကဲ့သို့ ယင်းတို့၏ ပညာရေးစနစ်နှင့် မိသားစုများ ပြုစုပျိုးထောင်ခြင်း စနစ်များကိုလည်း မလေ့လာနိုင်တော့ပါ။ ထို့ကြောင့် စစ်ကာလအတွင်း ဒုက္ခရောက်သူ များစွာတို့ကိုသာ ကူညီစောင့်ရှောက်နေခဲ့ပါသည်။ သို့တိုင်အောင် တစ်ခါတစ်ရံ ဆရာတော်တွင် မပြည့်မစုံနှင့် ဒုက္ခရောက်ရသည့် အဖြစ်ကိုမူကား သိရှိသူများ အလွန်နည်းပါသည်။

စစ်ကြီးပြီးဆုံးခါနီးသို့ ရောက်ရှိသောအခါ တရားဟောခြင်း

၁။ London Polytechnic

၂။ Dr. Stewart



(သာသနာပြုခြင်း)အလုပ်ကို ပြန်လည်စတင်နိုင်ခဲ့ပါတော့သည်။ အကြိမ်ကြိမ် ဟောပြောခဲ့ရသည့်အနက် ***အလုပ်သမားများ ပညာပေးအသင်း*** [၁] ၌ နှစ်ကြိမ်၊ တစ်ကြိမ်လျှင် ၁၇ ခါစီ ဟောကြားခဲ့ရပါသည်။ ထို့အပြင် ဆရာတော်သည် ဆေးရုံများရှိ လူနာများနှင့် ထောင်များရှိ အကျဉ်းသားများထံသို့ သွားရောက်တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။ အချို့သော အဆက် အသွယ်များ၏ အကူအညီဖြင့် စာသင်ကျောင်းများသို့လည်း သွားရောက်ခွင့်ရရှိခဲ့ပြီး တစ်ခါတစ်ရံ ယင်းတို့၏ ပင့်ဖိတ်ချက်အရ တရားဟောခွင့်များပင် ရရှိခဲ့ပါသည်။ မိဘများက ကလေးများအား မည်ကဲ့သို့ ပြုစု ပျိုးထောင်ပြီး မည်သို့လေ့ကျင့်ပေးသည်တို့ကို လေ့လာလိုသောဆန္ဒ သည်လည်း ပြည့်ဝခဲ့ပါသည်။ အချို့သော အိမ်ထောင်စုများ၏ ပင့်ဖိတ်ချက်အရ ၎င်းတို့အိမ်များတွင် အတူသီတင်းသုံးခွင့်ရရှိပြီး ကလေးများ၏ ကျောင်းသားဘဝနှင့် အိမ်ထောင်စုများ၏ ဩဇာသက်ရောက်မှုများကို အနီးကပ်လေ့လာခွင့် ရရှိပါသည်။ ထိုသို့ ဘာသာရေးနောက်ခံ အမျိုးမျိုးရှိသော အိမ်ထောင်စုများနှင့် သီတင်းသုံးခွင့်ရရှိသောကြောင့် အနောက်နိုင်ငံသားတို့၏ နေထိုင်ပုံဘဝများသာမက ကလေးတို့အား ငယ်ရွယ်စဉ်ကပင် မည်သို့မည်ပုံ ပြုစုပျိုးထောင်ကြသည်ဟူသော အခြေအနေအရပ်ရပ်ကိုပါ သိရှိခွင့်ရရှိပါတော့သည်။

ဓမ္မ(တရား)ဘက်တွင်လည်း အဘိဓမ္မာပိဋကကို အနောက်နှင့် မိတ်ဆက်ပေးသည့်အလား စိတ်ဝင်စားသူအချို့အား ၎င်းတို့၏ မေတ္တာရပ်ခံချက်အရ အဘိဓမ္မာသင်္ဂဟစာစောင်နှင့် သင်တန်း စတင်နိုင်ခြင်း သည် အလွန်ထူးခြားသော အောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။ ဤသည်ပင် အနောက်နိုင်ငံ၌ တတိယပိဋက(အဘိဓမ္မာ)ကို အစီအစဉ်နှင့် စနစ်တကျ ဦးဆုံး အကြိမ်အဖြစ် လေးနှစ်တာမျှ ဆက်တိုက်သင်ကြားပေးခဲ့ပါသည်။

၁။ Workers' Educational Association

နောင်အခါ ဤသင်တန်းသည် ဗုဒ္ဓ၏ အခြေခံတရားများကို သင်ယူလိုသူများအတွက် အခြေခံနှင့် မှတ်ကျောက် ဖြစ်လာခဲ့ပါသည်။ ဆရာတော်သည် သည်းခံစိတ်ရှည်သည်၊ ကျွမ်းကျင်သည်၊ သင်တန်းသားများ၏ အခက်အခဲများကိုလည်း ကျော်လွှားနိုင်ရန် ကူညီ ဂရုစိုက်သည်။ ထို့ကြောင့် အနောက်နိုင်ငံသားတို့၏ မူလဘာသာအယူဝါဒနှင့် သဘောတရား(ဒဿန) များအပေါ် ခံယူမှုကို ဗုဒ္ဓတရားတော်နှင့် နှိုင်းယှဉ်ဟောကြားပုံတို့မှာ ကျောင်းစာသင် နည်းပြ(ဆရာ)နှင့် တကယ့်ဆရာတစ်ဆူတို့၏ ကွဲပြားခြားနားပုံကို လက်တွေ့သက်သေခံလျက် ရှိပါသည်။ ထို့ပြင် ဆရာတော်သည် သူတို့၏ နေ့စဉ် ဘဝအခက်အခဲ များနှင့် စပ်လျဉ်း၍ လမ်းညွှန်ရန် မကြာခဏ အကူအညီတောင်းခံ လာတိုင်းလည်း မည်သည့်အခါမျှ မပျက်ကွက်စေဘဲ ကူညီခဲ့သည်ချည်း ဖြစ်ပါသည်။

၁၉၄၉–ခုနှစ်တွင် မြန်မာလူမျိုး ဒကာကိုးဦးတို့၏ အကူအညီဖြင့် သာသနာ့ကာရီဝိဟာရ ခေါ်တွင်သော ဘုန်းကြီးကျောင်း စတင် ပေါ်ပေါက်ခဲ့ပါသည်။ ဆရာတော်၏လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးကြပါသည်။ ဤသည်မှာ ဆရာတော် အနောက်နိုင်ငံသို့ရောက်ရှိပြီးနောက် ပထမဆုံးအကြိမ် သံဃာအား အရှေ့တိုင်းနိုင်ငံ၏ ထုံးဓလေ့များနှင့် အညီ ပံ့ပိုးမှုရရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်သည် မိမိဘဝ ရပ်တည်ရေးအတွက် မိမိဘာသာ ရှန်းကန်ရသောအဖြစ်မှ လွတ်မြောက်ခဲ့ ရပါသည်။ ဆရာတော်သည် အောင်မြင်နေသော သင်တန်းပေးမှုအရှိန်ကို မလျှော့ဘဲ ဆက်လက်ပို့ချလာခဲ့ရာ ၁၉၄၉–ခုနှစ်၊ မတ်လ မှ ၁၉၅၁–ခုနှစ်၊ မတ်လ တိုင်အောင် နှစ်နှစ်တာကာလအတွင်း သင်ကြားကြိမ်ပေါင်း ၂၅၀ ကျော် ရှိခဲ့ပါသည်။ ရဟန်းတစ်ပါးအနေနှင့် သာမန်အားဖြင့် ဆောင် ရွက်ရသော အခြားတာဝန်များကိုလည်း မလစ်ဟင်းစေရဘဲ ထမ်းဆောင် ဖြည့်ဆည်းခဲ့ပါသည်။ ထိုစဉ်က အင်္ဂလန်တွင် မြန်မာသံဃာဟူ၍ ဆရာတော် တစ်ပါး



တည်းသာရှိသောကြောင့် အခြား တာဝန်များသည်လည်း အချိန်များစွာ ယူခဲ့ရပါသည်။

အကြောင်းမလှသည်မှာ ထိုစဉ်က အင်္ဂလန်ရှိ မြန်မာအသိုက်အဝန်း၏ မတည်ငြိမ်မှုအခြေအနေကြောင့် သာသနာ့ကာရီဝိဟာရ (ကျောင်း) တည်မြဲရေးသည် မရေရာခဲ့ပါချေ။ ရန်ပုံငွေ(အလှူငွေ)များသည် ကျောင်းအဆောက်အအုံကို ဆက်လက်ငှားရမ်းနိုင်ရန်မဆိုထားဘိ သံဃာတစ်ပါးအတွက် ဆွမ်း၊ ကွမ်းကိုပင် ထောက်ပံ့နိုင်ရန် အခြေအနေမပေးတော့ပါချေ။ ထိုစဉ် ၁၉၅၂–ခုနှစ်တွင် ဆရာတော်အား ရန်ကုန်တက္ကသိုလ်၏ ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာတန်းတို့တွင် အဘိဓမ္မာ ဘာသာရပ်ပို့ချပေးရန် ပင့်လျှောက်သောအခါ လက်ခံလိုက်ပါသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ကြွချီသောကြောင့် တစ်ဆယ့်လေးနှစ်တာကာလပတ်လုံး သီတင်းသုံးသာသနာပြုခဲ့သော ထိုအရပ်သည် လူသူကင်းမဲ့သော တောကန္တာရအလား ဖြစ်သွားခဲ့ရပါသည်။ ဆရာတော်၏ ထွက်ခွာခြင်းသည် အင်္ဂလိပ်လူမျိုး သင်တန်းသားတို့အဖို့ ကွက်လပ်ကို မဖြည့်နိုင်သော အခြေအနေသို့ ရောက်ရှိခဲ့ရပါသည်။ သို့တစေလည်း သူတို့သည် သင်တန်းဖွင့်ချိန်မှစ၍ သင်ယူခဲ့သော အဘိဓမ္မာတရားများကို ပြန်လည်နွေးသောအားဖြင့် သင်တန်းများ မပျက်မကွက်စေဘဲ ဆက်လက်တက်ရောက်နေခဲ့ကြပါသည်။

မူလက ရန်ကုန်တက္ကသိုလ်တွင် တစ်နှစ်တည်းသာ သင်ကြားပို့ချရန် တာဝန်ယူခဲ့သော်လည်း ရှစ်နှစ်မျှ ဆက်တိုက် တာဝန်ယူခဲ့ပါ သည်။ ဆရာတော်၏ ကြီးမားသော ပညာဂုဏ်နှင့် ကျွမ်းကျင်စွာ သင်ကြားပို့ချနိုင်မှုကို အသိအမှတ်ပြုသောအားဖြင့် ၁၉၅၆–ခုနှစ်တွင် နိုင်ငံတော်အစိုးရက သာသနာရေးဆိုင်ရာ အမြင့်ဆုံး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ဆက်ကပ်ပါသည်။ ဤဂုဏ်ပြုမှုသည် အခြား ပစ္စည်း(ထောက်ပံ့မှု)

အနည်းငယ်မျှကိုပါ နှစ်စဉ်ခံစားခွင့် ရရှိပါသည်။

၁၉၅၉–ခုနှစ်တွင် ***အမေရိကန်နိုင်ငံ မိချိကင်တက္ကသိုလ် အာရှဆိုင်ရာ လေ့လာရေးအသင်း*** [၁] ၏ တရားဓမ္မဟောကြားရန် ပင့်ဖိတ်ချက်ကို လက်ခံလိုက်ပါသည်။ ကူညီစောင့်ရှောက်မည့် ကပ္ပိယ၊ ဒကာ မပါ တစ်ပါးတည်း အမေရိကသို့ ကြွချီခဲ့ပါသည်။ အလွန်အေးပြီး နှင်းများခဲသည့် အခြေအနေ၊ နေရှိန်ကြောင့် အလွန်ပူပြင်းသောအခြေအနေတည်းဟူသော အစွန်းရောက် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး တက္ကသိုလ်များနှင့် အခြားစီစဉ်ထားရှိသောနေရာများသို့ ခြောက်လတာမျှ လှည့်လည်ပြီး တရား ဓမ္မများ ဟောကြားခဲ့ပါသည်။ ဤခရီးသည် ကြိုတင်စီမံထားသောခရီး ဖြစ်သည်။ သို့သော် ဆရာတော်၏ အရည်အချင်းကြောင့် ဩဇ္ဈဝတ်ကျေပွန်ကြသည့် များစွာသော အမေရိကန်လူမျိုးတို့၏ တောင်းဆိုချက်အရ အခြား သီးခြား အစီအစဉ်များကိုပါ လက်ခံပြီး တရားဓမ္မများ ဟောကြားခဲ့ရပါသည်။ တရားဓမ္မဆိုင်ရာများ သာမက ကိုယ်ရေးဆိုင်ရာမေးခွန်းများကိုပါ လက်ခံဖြေကြားရသောကြောင့် မူလအစီအစဉ်ထက် များစွာ တိုးမြှင့်ခဲ့ပါသည်။ ခရီးစဉ်တွင် ***လောစ်အင်ဂျီလိစ်*** [၂]နှင့် ***ဟာဝါယီ*** [၃] တို့ပါ ပါဝင်ပါသည်။ အထူး တောင်းပန်ချက်အရ ***ဟော်နော်လူလူတက္ကသိုလ်*** [၄] တွင် တစ်ဆယ့် နှစ်ကြိမ် ဟောကြားရပြီး ဆယ်ကြိမ်မှာ အဘိဓမ္မာတရား ဖြစ်ပါသည်။ ထိုသို့ အမေရိကန်ပြည်၌ ရှိနေစဉ်မှာပင် ကနေဒါနိုင်ငံ ***တိုရန်တိုမြို့*** [၅]သို့ပါ ကြွရောက်တော်မူခဲ့ရပါသေးသည်။

နောင်နှစ်များတွင်လည်း ပင့်လျှောက်ချက်အရ ဩစတြေးလျား

၁။ Association for Asian Studies, University of Michigan, U.S.A

၂။ Los Angeles

၃။ Hawaii

၄။ Honolulu University

၅။ Toronto



နိုင်ငံသို့ သုံးကြိမ်တိုင်တိုင် ကြွခဲ့ပါသည်။ ထိုအခါက်များတွင် ကမ္မဋ္ဌာန်းတရားစီးဖြန်းခြင်းနှင့် ဓမ္မပဒကို အထူးစိတ်ဝင်စားခဲ့ကြပါသည်။ ဆရာတော်သည် ဂျပန်နိုင်ငံသို့ရောက်ရှိပြီး ဂျပန်ဇင်ဘာသာဆရာများနှင့် ဇင်တရားထိုင်ခြင်း စနစ်အပြင် သင်တန်းသားများအကြောင်းကိုပါ လေ့လာ ဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ စင်ကာပူနှင့် ဟောင်ကောင်သို့လည်း ရောက်ရှိပါသည်။ ထို့အပြင် သီးခြားလုပ်ငန်းများဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ နီပေါ နိုင်ငံများနှင့် ထိုင်းနိုင်ငံသို့ (အခြားတိုင်းပြည်များသို့အသွား ခေတ္တ ဝင်ရောက်ခြင်းများမပါ) တစ်ကြိမ်မက အကြိမ်ကြိမ် သွားရောက်ဖူးပါသည်။

၁၉၆၀–ပြည့်နှစ်မတိုင်မီ ဆရာတော်သည် သက်ဆိုင်ရာတို့၏ ပင့်ဖိတ်ချက်အရ ဘယ်လ်ဂျီယံ၊ ဆွဇ်ဇာလန်၊ အီတလီ၊ ဂျာမနီ၊ ဟော်လန် (နယ်သာလန်)၊ နော်ဝေး၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံများသို့လည်း ရောက်ရှိပြီး တရားဓမ္မများ ဟောကြားခဲ့ဖူးပါသည်။

ထို့အပြင် ကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ၁၉၃၈–ခုနှစ်က ရောက်ရှိခဲ့သော ပြင်သစ်နိုင်ငံသို့ ယခုတစ်ဖန် ထပ်မံရောက်ရှိပြီး တရားဓမ္မများ ဟောကြားခဲ့ပါသည်။

၁၉၆၄–ခုနှစ်တွင် အင်္ဂလိပ်တပည့်နှစ်ဦး၏ တောင်းပန်မှုကြောင့် အင်္ဂလန်၌ အဘိဓမ္မာသင်တန်းများ ဆက်လက်ပို့ချရန် ပင့်လျှောက်ချက်ကို လက်ခံလိုက်ပါသည်။ ယခုတစ်ခေါက်တွင် ဦးတည်ချက်နှစ်ရပ် ထားရှိပါသည်။ သင်တန်းများပို့ချသည့် တစ်ချိန်တည်းတွင် အဘိဓမ္မာပိဋကကျမ်း ၇ စောင်မှ ဒုတိယအုပ်ဖြစ်သော အဘိဓမ္မာဝိဘင်းကျမ်းကိုလည်း ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပထမဦးဆုံးအကြိမ် ပြန်ဆိုရေးသားပါသည်။ ယင်းစာအုပ် (The Book of Analysis)ကို ၁၉၆၉–ခုနှစ်တွင် လန်ဒန်ပါဠိအသင်း(Pali Text Society)က စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

၁၉၆၆–ခုနှစ်မှ ၁၉၈၂–ခုနှစ်တိုင်အောင် မြန်မာနိုင်ငံတွင် သီတင်းသုံးနေစဉ်အတွင်း ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာများ ပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုနှင့် သက်တော်၊ ဝါတော်ကြီးမြင့်မှု ဟူသော ဂုဏ်များကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗဟိုသံဃာ့နာယက အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် အဖြစ်လည်းကောင်း၊ ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေးနှင့် ရန်ကုန်ရှိ အခြားသောဘုရားများ၏ ဂေါပကအဖွဲ့များတွင် ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း လက်ခံဆောင်ရွက် တော်မူလျက် ရှိပါသည်။ ထို့အပြင် ထင်ရှားကျော်ကြားသော ရန်ကုန် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ စာစစ်ဆရာတော် အဖြစ်လည်း ဆောင်ရွက်လျက် ရှိတော်မူပါသည်။

ဤဘဝဖြစ်စဉ်တွင် ဆရာတော်၏ အတ္ထုပ္ပတ္တိကို အကျဉ်းမျှသာ ဖော်ပြနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် ဆရာတော် သာမဏေဘဝက မန္တလေးရှိ ဗေဒင်ပညာရှင်တစ်ဦး ပြောကြားခဲ့သည့် 'ဤဘိက္ခု၏ စွမ်းဆောင်ချက်များအနက် ဆယ်ပုံတစ်ပုံမျှကိုသာ အများသိရှိကြပေလိမ့်မည်'ဟူသော မှတ်ချက်နှင့် ကိုက်ညီလျက် ရှိပါတော့သည်။

ဆရာတော်၏ ဘဝဖြစ်စဉ်(အချက်အလက်များ)ကို စုဆောင်းရာတွင် များစွာ အခက်အခဲရှိပါသည်။ ဆရာတော်သည် မိမိအကြောင်း၊ သို့မဟုတ် များပြားလှသောအတွေ့အကြုံများနှင့် မဆုံးနိုင်သော အောင်မြင်မှုများ အကြောင်းကို ထုတ်ဖော်မြွက်ကြားခြင်း အလျဉ်းမရှိ သလောက် နည်းပါးပါသည်။

ဆရာတော်၏ အေးဆေးမှုနှင့် တည်ငြိမ်မှုတို့၏ နောက်ကွယ်တွင် ဆရာတော်သည် ဗုဒ္ဓ၏တရားဓမ္မများကို နက်ရှိုင်းစွာ သိရှိပါသည်။ ဆရာတော်၏ ဘဝတစ်လျှောက်လုံး ယင်းတရားတော်များပြန့်ပွားအောင် အစဉ်လုံးပန်း၍သာ နေခဲ့ပါသည်။ ဆရာတော်သည် မျှော်လင့်မထားသော ဆန့်ကျင်နှောင့်ယှက်မှုများကို မကြာခဏ ကြုံကြုံခံရင်ဆိုင်ပြီးမှပင် ရည်မှန်း



ချက်ကို အောင်မြင်အောင်ကြိုးပမ်းခဲ့ရလေ့ ရှိပါသည်။

အထူးသဖြင့် ဆရာတော်၏ မူရင်းဦးတည်ချက်ဖြစ်သော အင်္ဂလိပ်ဘာသာစကား သင်ကြားလိုမှုနှင့် အနောက်နိုင်ငံများသို့သာသနာပြုရန် ကြွချီလိုမှုတို့ကို ဆန့်ကျင်ခဲ့ကြသောကြောင့် အခက် အခဲများကို ရင်ဆိုင်ခဲ့ရပါသေးသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်းကာလများတွင် မရေတွက် နိုင်သော အနောက်နိုင်ငံသားများအား တရားဓမ္မများ ဟောကြားပို့ချခဲ့ ပါသည်။ စစ်အတွင်းနှင့် စစ်ပြီးစကာလက တပည့်များ ယခုအခါ မရှိကြတော့သလောက် ဖြစ်ပါသည်။ သို့တစေလည်း ဆရာတော်တစ်ဆယ့် လေးနှစ်တာကာလ (၁၉၃၈–၁၉၅၂)က ကျန်ရှိကြသေးသူ တပည့်များမှာမူကား ဆရာတော်ရောက်ရှိလာလေတိုင်း ဆရာတော်၏ သင်ကြားမှုနှင့်ညွှန်ပြမှုတို့ကို ဆက်လက်ခံယူကြဆဲ ရှိပါသည်။ ဆရာတော်အားလည်း အထူးပင် ကြည်ညိုလေးစားလျက် ကြီးစွာ ကျေးဇူးဥပကာရ တင်လျက် ရှိကြပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ (သင်ယူမှု၊ ကျင့်သုံးမှု၊ ကိုယ်တွေ့သိမြင်မှု) တရားများနှင့်အညီ ကျွမ်းကျင်သည့် ဆရာတစ်ဆူဖြစ်တော်မူသော ဆရာတော်သည် ပေါ်ပေါက်လာသည့်ကိစ္စများကို အစီအစဉ် တကျဖြေရှင်းပေးရန် အမြဲပင် အဆင်သင့်ရှိနေပါသည်။

ဆရာတော်သည် အခြားသော ဘာသာတရားများ ပတ်ဝန်းကျင်၌ မွေးဖွားကြီးပြင်းပြီး ပညာတတ်မြောက်လာကြသူများ၊ ဗုဒ္ဓဝါဒနှင့် စိမ်းနေသူများ၊ လူသစ်များအနေနှင့် ဗုဒ္ဓဘာသာ၏အဆုံးအမကို လုံးဝ သဘောပေါက် ခံယူနိုင်ကြလိမ့်မည် မဟုတ်သည်ကို ကောင်းစွာ သဘောပေါက်ပါသည်။ ထို့ကြောင့် ဆရာတော်သည် ဦးစွာ ရိုးရိုးစကား(စကားပြေ)နှင့် ရှင်းပြပြီးမှ ဗုဒ္ဓသည် ဘယ်သူဖြစ်သည်။ အဘယ်သို့ ဖြစ်သည်တို့ကို အချိန်ယူပြီး တိကျစွာ ရှင်းပြသောစနစ်ကို ကျင့်သုံးလေ့ ရှိပါသည်။

ဤသို့ ဗုဒ္ဓအကြောင်း အနည်းငယ် အကျွမ်းတဝင်ရှိပြီး အမှန်ကို သဘောပေါက် ခံယူလာကြသောအခါ ရိုးရိုးစကားပြေဖြင့်ပင် ဆက်လက်၍ နေ့စဉ်ဘဝ၌ မှန်ကန်စွာအသက်မွေးရေးအကြောင်း (Right Living)ကို ဆင်ခြင်တုံတရား ရှိရှိနှင့် ကျိုးကြောင်းဆက်စပ်ပြီး ယုတ္တိရှိစွာ နားလည်အောင် ဟောကြားပြီး မှပင် တရားနာပရိသတ်တို့၏ စိတ်ဝင်စားမှုကို အရယူလေ့ ရှိပါသည်။

ထို့အပြင် လူတို့သည် အကျင့်သီလအားဖြင့်လည်းကောင်း၊ အသိအလိမ္မာအားဖြင့် လည်းကောင်း၊ စိတ်ဓာတ်အားဖြင့် လည်းကောင်း တိုးတက် ကောင်းမွန်လာအောင် ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မည်သို့ လုပ်ဆောင်ရမည်ကို စိတ်ရှည်စွာ ရှင်းပြလေ့ရှိပါသည်။ ဆရာတော်သည် တရားနာပရိသတ် သဘောပေါက်လက်ခံမှုနှင့် စိတ်ဝင်စားမှု အတိုင်းအတာကို ဆင်ခြင်ပြီးမှပင် မိမိပြောလိုသည့်အချက်များကို ဖြည်းညင်းစွာ ဟောကြားပြီး သူတို့၏ ယုံကြည်ကိုးစားမှုကို ရယူလေ့ ရှိပါသည်။

လယ်သမားတစ်ယောက်သည် မြေကို ထွန်ယက်ပြီးမှ မျိုးစေ့များကို စိုက်ပျိုးသည့်သဘော ဖြစ်ပါသည်။ ဦးစွာ မြေများကို ပြုစုပါသည်။ ထို့နောက် မြေအနေအထားနှင့် ကိုက်ညီမည့် မျိုးစေ့များကို ရွေးချယ်ပြီး ရာသီဥတုအခြေအနေနှင့် လိုက်ဖက်အောင် ဂရုတစိုက် စိုက်ပျိုးပါသည်။ ကွဲပြားသည့် မြေအခြေအနေတွင် မျိုးစေ့တစ်မျိုးတည်းကိုသာ အသုံးပြုစိုက်ပျိုးပါက သင့်လျော်မည်မဟုတ်သည့်အပြင် သီးနှံများလည်း ထွက်ရှိအောင်မြင်လိမ့်မည် မဟုတ်သည်ကို ဆရာတော် ကောင်းစွာ သိရှိသဘောပေါက်ပါသည်။

အချို့သောသူတို့၏ ဓမ္မ(တရား)အကြောင်း လုံးဝ သဘောမပေါက်ကြသေးသည်ကို တွေ့ရှိရလျှင် ဆရာတော်သည် မည်သည့်အခါမျှ စိတ်ပျက်ခြင်းမဖြစ်ပါချေ။ ဤသို့ဖြင့်လည်း ဆရာတော်သည် စိုးစဉ်း



မျှ စိုးရိမ်ခြင်းအလျဉ်းမရှိပါချေ။ လုပ်ငန်းရပ်ကို အလျှော့ပေးစွန့်လွှတ်ရန် စဉ်းစားခြင်းလည်း အလျဉ်းမရှိပါချေ။ သိရှိသဘောပေါက်လာအောင် နောက်တစ်ဆင့်တက် ကြိုးစားပြီး လမ်းမှန်သို့ရောက်ရှိအောင် နည်းလမ်းရှာဖွေ၍သာ ကူညီလေ့ရှိပါသည်။

အကျင့်သီလသည်သာ လူတို့၏ဘဝတိုးတက်ရေးနှင့် နားလည်သဘောပေါက်ရေးတို့၏ ရေသောက်မြစ်ဖြစ်သည်ကို ကောင်းစွာ သိရှိသောကြောင့် နေ့စဉ်ဘဝတွင် အနည်းဆုံးအားဖြင့် ငါးပါးသီလကို သိရှိ၊ ထိန်းသိမ်း၊ ကျင့်သုံးလာအောင် အမြဲပင် တိုက်တွန်းဟောကြားလေ့ ရှိပါသည်။

ဤသို့ ပထမပြဿနာကို ပထမဖြေရှင်းသောနည်းဖြင့် တရားဓမ္မအကြောင်း မသိသေးသူတို့အား ယင်းတို့၏ နေ့စဉ်ဘဝတွင် မှန်ကန်စွာ တွေးထင်ရေး၊ မှန်သောစကားကို ပြောဆိုရေးနှင့် မှန်သောအလုပ်ကို လုပ်ကိုင်ရေးများအကြောင်း ဟောကြားလေ့ရှိပါသည်။ ဆရာတော်သည် 'ကမ္မဋ္ဌာန်းဌာနများမှ မိမိတို့၏ နေ့စဉ်ဘဝသို့ ပြန်လည်ရောက်ရှိကြသည့်အခါ ဘယ်ပုံဘယ်နည်း တွေးကြ၊ ပြောကြ၊ လုပ်ကိုင် တုံ့ပြန်ကြသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းတို့၏ အသိဉာဏ်နှင့် ကိုယ်ကျင့်တရားများ မည်မျှတိုးတက်ပြောင်းလဲလာကြသည်ကို တိုင်းတာလေ့ရှိပါသည်။

နေ့စဉ် တွေ့ကြုံရင်ဆိုင်ရသည့် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာများအပေါ် ဒေါသဖြစ်သည့်စိတ် လျော့ပါးကြ၏လား၊ ကြင်နာစိတ်တွေ ပိုရှိလာကြ၏လား၊ အကျင့်သိက္ခာတွေ ပိုမိုကောင်းလာကြ၏လား၊ တခြားလူများအပေါ် ကိုယ်ချင်းစာတရား ပိုပြီးထားနိုင်ကြ၏လား၊ နေ့စဉ် လိုအပ်ချက်တွေအပေါ် လိုချင်တပ်မက်မှုတွေ လျော့ပါးကြ၏လား' ဟူ၍ မေးမြန်းလေ့ ရှိပါသည်။

ဆရာတော်သည် ယခုအခါ သက်တော် ကိုးဆယ်တွင်းသို့ ဝင်ခဲ့ပြီဖြစ်သည့်တိုင်အောင် ဖျတ်ဖျတ်လတ်လတ်ရှိဆဲ၊ တရားဓမ္မများကို ဟော